တက္ကသိုလ်ဘုန်းနိုင်

# ပင်ဒိုရာအိုးပွင့်ပြီး ဟားပီးရ်တို့ပျံလာချိန်

Cover Illustration : Thaw TheinGar

1374/Second Waso - 7/2012

တက္ကသိုလ်ဘုန်းနိုင် ပင်ဒိုရာအိုးပွင့်ပြီး ဟားပီးရ်တို့ပျံလာချိန်



တက္ကသိုလ်ဘုန်းနိုင်

AIDS ISSUE

# ပင်ဒိုရာအိုးပွင့်ပြီး ဟားပီးရ်တို့ပျံလာချိန်

အေအိုင်ဒီအက်စ်

ကမ္ဘာ့ပြဿနာနှင့်ဒဿနရှုထောင့်

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

---

**နိုင်ငံရေးဦးတည်ချက် (၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

---

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

---

**လူမှုရေးဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# ပင်ဒိုရာအိုး ပွင့်ပြီး
# ဟားပီးငှက်တို့ ပျံဝဲလာချိန်

## တက္ကသိုလ်ဘုန်းနိုင်

ကံ့ကော်ဝတ်ရည်စာပေ
အမှတ်-၂၂၊ မဟာဗေယျလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၉၆၅၈၀၊ ၀၉ ၅၁၂၇၄၉၃

## ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် - မတ်လ၊ ၂၀၀၁ ခုနှစ်၊
ကံ့ကော်ဝတ်ရည်စာပေ။
ဒုတိယအကြိမ် - နိုဝင်ဘာလ၊ ၂၀၁၂ ခုနှစ်။
ကံ့ကော်ဝတ်ရည်စာပေ
အုပ်ရေ - ၅၀၀
မျက်နှာဖုံးပုံနှိပ် - ဦးတိုးဝင်း၊ နေလရောင်ပုံနှိပ်တိုက်
၉၆/ခ၊ ၁၁-လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ် - စွယ်တော်ပုံနှိပ်တိုက်
အမှတ် (၁၄၇)၊ (၅၁) လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ
၅၁၊ ရေကျော်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးဒီဇိုင်း - သော်သိဂ်ါ
တန်ဖိုး - ၁၀၀၀ ကျပ်

၂၉၄·၃

ဘုန်းနိုင်၊ တက္ကသိုလ်။
ပင်ဒိုရာအိုး ပွင့်ပြီး ဟားပီးဖ်တို့ ပျံလာချိန် / တက္ကသိုလ်ဘုန်းနိုင်။ - **ရန်ကုန်။**
ကံ့ကော်ဝတ်ရည်စာပေ၊ ဒုတိယအကြိမ်၊ ၂၀၁၂ ခုနှစ်။
စာမျက်နှာ-၉၆၊ ၁၁×၁၇ စင်တီမီတာ။
(၁) ပင်ဒိုရာအိုး ပွင့်ပြီး ဟားပီးဖ်တို့ ပျံလာချိန်


**စကားသစ္စာ**

မှန်သောခါကား
ဩဇာလေးနက်
ပေါ်ဆိုတက်၍
နွယ်မြက်သစ်ပင်
ဆေးဖက်ဝင်၏။ ။

*ရှင်မဟာသီလဝံသ*

**သစ္စာ**

ငါ့စာဖတ်၍ မမြတ်တိုင်စေ
မရှုံးစေသား၊ ပျင်းပြေနစ်မြိုက်
တွေးဖွယ်ထိုက်ရာ၊ တစ်ပိုဒ်တလေ
တွေ့ငြားပေမူ၊ စာပေကျေးကျွန်
ငါ့ဝတ်ပွန်ပြီ၊ ငါမွန်အမြတ်
ငါ့အတတ်ဟု၊ စာဖတ်သူ့ပေါ်
ခေါင်းကိုကျော်၍၊ ငါသော်ဆရာ
မလုပ်ပါတည်း။ ။

*တက္ကသိုလ်ဘုန်းနိုင်*

( ၁ )

**ဟောလိဝုဒ်ရဲ့ အယုတ်မာဆုံး မင်းသား**

၁၉၉၃ ခုနှစ် မေလထုတ် 'ရှင်ခွင်သစ်' မဂ္ဂဇင်းမှ သတင်းဆောင်းပါးခေါင်းစီးတစ်ခု ဖြစ်သည်။

မဂ္ဂဇင်းတွေ၌ ပြည်ပရုပ်ရှင်လောကမှ သတင်းတွေ ဖော်ပြကြသည်မှာ မဆန်းတော့ပြီ။ အဲသည်လောကမှ အချစ်ကိစ္စတွေ၊ အိမ်ထောင်ရေးကိစ္စ၊ ဖို မ အရှုပ်ဇာတ်တွေသာ များကြ၏။ သတင်းဆိုသည်ထက် အတင်းအဖျင်းတွေသာ များကြ၏။ ကျွန်တော် တစ်ဦးတည်းအနေဖြင့် စိတ်မဝင်စားပါ။ ခေတ်အကြိုက် လိုက်လုပ်နေသည်ကိုလည်း အပြစ်မတင်ပါ။

## ( ၂ )

ကျွန်တော်သည် ခေါမသမိုင်းရိပ်ပြ ဂန္တဝင်ဇာတ်လမ်း ခေါ် ခေါမမစ်(သ်)များကို ဘာသာပြန်ခဲ့သည်။

ရှေးဟောင်းမစ်(သ်) အများနည်းတူ ခေါမမစ်(သ်)များ၌ အဖိုးတန်သော သင်ခန်းစာများ ပါသည်။ ရိုးရိုးသင်ခန်းစာများ မဟုတ်။ အသိဉာဏ်နှင့် နှလုံးသားတွင် စွဲကျန်နေပြီး ဆီဆိုင်လာလျှင် အဓိပ္ပာယ် ကျယ်ကျယ်နက်နက် ဝင်းဝင်းထင်းထင်း ဖွင့်ပြတတ်သည့် နိမိတ်ပုံရိပ် သင်ခန်းစာများ ဖြစ်ကြ၏။

ဤဆောင်းပါး၏ ကိစ္စနှင့် ပတ်သက်သော ခေါမဂန္တဝင်ဇာတ်လမ်းမှ နိမိတ္တပုံရိပ် နှစ်ခုကား…

(၁) ဟားပီးဇ် (Harpies) နှင့် (၂) ပင်ဒိုရာ၏ အိုး (Pindora`s Jar) တို့ ဖြစ်လေသည်။



ဟားပီးဇ်တို့ကား ညီအစ်မ သုံးဖော် ဖြစ်ကြသည်။ သူတို့၏ မျက်နှာနှင့် ကိုယ်ကား လူမျက်နှာနှင့် လူကိုယ် ဖြစ်ပြီး ငှက်အတောင်ပံ၊ ငှက်မြီးနှင့် ငှက်ခြေထောက် ရှိသည်။ ခြေထောက်များ၌ ခြေသည်းချွန်ချွန် ရှည်ရှည်ကြီးများ ရှိကြသည်။ သူတို့ကား ကိန္နရာလို လှလှပပနှင့် ချစ်စဖွယ် မဟုတ်။ ကြောက်ဖွယ်လန့်ဖွယ် အလိုရမ္မက်ကြီးပြီး ရိုင်းစိုင်းရက်စက်သည့် ငှက်ပြိတ္တာမကြီးများသာ ဖြစ်လေသည်။

သူတို့၏ သခင်မ သုံးပါးကား ပိုကြောက်ဖွယ်ကောင်းသည့် **ဖယူရီးဇ်** (Furies) ဟု လည်းကောင်း၊ **အီရင်နီအီးဇ်** (Erineyes) ဟု လည်းကောင်း ခေါ်သည့် နတ်ဘီလူးမကြီးများ ဖြစ်ကြသည်။ ဖယူရီးဇ်တို့ ဆံပင်တွေကား မြွေများ ဖြစ်သည်။ ဤနတ်ဘီလူးမကြီး သုံးဖော်ကား အကုသိုလ် ဒုစရိုက် ကျူးလွန်သူတိုင်းကို သိသည်။ ဒုစရိုက်သမားသည် မိမိအပြစ်ကို အခြားသူများ မသိအောင် ဖုံးကွယ်ထား၍ ရကောင်းရမည်။ ဖယူရီးဇ်တို့ မသိအောင်ကား ဖုံးကွယ်၍ မရ။ သူတို့ ဒုစရိုက်သမားများကို မမေ့အောင် မှတ်ထားသည်။ **'ဆိတ်ကွယ်ရာ'** ဟု ထင်သော နေရာ၌ ဒုစရိုက်အမှုကို ပြုဝံ့လျှင် ပြုစမ်းပါလေ။ ဖယူရီးဇ်တို့က မျက်ခြည်မပြတ် စောင့်ကြည့်နေကြသည်။ အချိန်တန်လျှင် သူတို့က ဟားပီးဇ်တို့ကို လွှတ်လိုက်သည်။ ဒုစရိုက်ကောင်ကို ဟားပီးဇ်တို့က သုတ်ချီ၍ ဖယူရီးဇ်တို့ထံ သယ်ဆောင်ခဲ့သည်။ ဖယူရီးဇ်တို့၏ နှိပ်စက်ညှဉ်းပန်းမှု အောက်၌

ဒုစရိုက်ကောင်သည် ဒုစရိုက်ကြွေး ဆပ်ရပြီး မရှုမလှ သေပွဲဝင်ရသည်။

ပင်ဒိုရာကား နတ်ဧကရာဇ်ကြီး ဇူးစ် ဖန်ဆင်းလိုက်သည့် မိန်းမတစ်ဦး ဖြစ်လေသည်။ ချောသည်။ လှသည်။ ဦးနှောက်တော့ မရှိ။ လူသားတို့ကို အပြစ်ဒဏ်ခတ်ရန်အတွက် ပင်ဒိုရာကို ဇူးစ်က ဖန်ဆင်းခြင်း ဖြစ်လေသည်။

လူသား ဟူသည်က မိုက်တတ်သည်။

လိုင်းကေးအင် (Lycaon) ခေါ်သော ဘုရင်တစ်ပါးသည် လူလူချင်း သတ်၍ နတ်ကို လူသားနှင့် ယဇ်ပူဇော်သည်။ အမျက်ခြောင်းခြောင်းထွက်သော ဇူးစ်က လိုင်းကေးအင်ကို ဝံပုလွေတစ်ကောင်အဖြစ် ပြောင်းပစ်လိုက်သည်။ သူ့အိမ်(နန်းတော်)ကိုလည်း မိုးကြိုးပစ်ချ ဖျက်ဆီးလိုက်သည်။

လိုင်းကေးအင်၌ သားနှစ်ဦး ရှိသည်။ ဖအေ ပျက်စီးသွားသည်ကို သူတို့ မမှတ်။ မိုက်မျိုးမပြတ်အောင် မိုက်ဓာတ် ပြန်ခင်းကြသည်။ သူတို့၏ မိုက်တွင်းနက်နေပုံကို ရုပ်ဖျက်၍ စုံစမ်းရန်လာသူ ဇူးစ်ကို လူသားကျွေး၍ ဧည့်ခံသည်။ လူသားမှာလည်း ညီအရင်းကို သတ်၍ရသော လူသား။

ဤအကြိမ်တွင်လည်း လူလို မနေကြသော ညီအစ်ကိုတွေကို ဇူးစ်က ဝံပုလွေအဖြစ် ပြောင်းပစ်လိုက်သည်။

ဤမျှနှင့် မရပ်။ မိုက်မျိုးတွေအားလုံး တုံးစေရန် လူသားမှန်သမျှ ကမ္ဘာမြေ၌ မကျန်အောင် ကမ္ဘာကို ဇူးစ်က ရေနှင့် လွှမ်း



ပစ်သည်။ ဒူးကေးလီအင် ရေလွှမ်းဘေးကြီး (Deucalion's Flood) ဟု ခေါ်သည်။

တော်ပါသေး၏။ လူသားတွေအပေါ် သံယောဇဉ်ကြီးသည့် လူသားမိတ်ဆွေနတ် ပရမီးသီးအက်စ် (Prometheus) က ဘုရင်ဒူးကေးလီအင်ကို လာမည့်ဘေး ညွှန်ပြရာ ဒူးကေးလီအင်က လှေကြီးတစ်စင်း တည်ဆောက်သည်။ ရေလွှမ်းဘေးကြီးလာသောအခါ ဒူးကေးလီအင်နှင့် သူ့ဇနီး ပီရာ (Pyrrha) တို့ လှေကြီးကြောင့် အသက်မသေ ကျန်ရစ်သည်။ သူတို့မောင်နှံက ဇူးစ်ကို ရည်စူးလျက် ဝန်ချပူဇော်ပြီး 'လူသားမျိုးဆက်သစ်' ပြန်လည်တည်ထောင်ပေးပါရန် ဆုတောင်းကြသည်။ စိတ်ပြေသွားသော ဇူးစ်က လူသားမျိုးဆက်သစ် ပြန်လည်ခွင့်ပြုသည်။

ဇူးစ်က အမိုက်ဗီဇရှိသော လူသားတွေ၌ မီးမရှိအောင် လုပ်ထားရာ ပရမီးသီးအက်စ်က အိုလင်ပက်စ်တောင်တော်ထက်မှ မီးကို ခိုးယူခဲ့ပြီး လူသားတွေကို ပေးသည်။

ချုံ၍ဆိုရလျှင် ပရမီးသီးအက်စ်ကို မကျေနပ်၍ တစ်ကြောင်း၊ မီးရပြီးနောက် အစွမ်းထက်သထက် ထက်လာကြသော လူသားတို့ကို စိုးရိမ်၍ တစ်ကြောင်း ဇူးစ်သည် ပင်ဒိုရာကို ဖန်ဆင်းသည်။

ဇူးစ်က ပရမီးသီးအက်စ်ကို ထာဝရ အကျဉ်းချထားလိုက်၏။ ပရမီးသီးအက်စ်၏ ညီ အပမီးသီးအက်စ် (Epimetheus) ကိုလည်း ပင်ဒိုရာနှင့် ဇွတ်အတင်း လက်ထပ်စေ၏။

ပင်ဒိုရာသည် အပမ်းသီးအက်စ်၏ဇနီး ဖြစ်သွားသောအခါ…

အပမီးသီးအက်စ်ထံ၌ ပရမီးသီးအက်စ်က အိုးလုံးလုံးရှည်ရှည် တစ်ခု အပ်ထားခဲ့၏။

လူသားကို ဒုက္ခပေးမည့် အိုခြင်း၊ နာခြင်း၊ ဆင်းရဲပင်ပန်း ခြင်း၊ ရူးသွပ်ခြင်း၊ မိုက်မှားခြင်း၊ ရမ္မက်ကြီးခြင်းဟူသည့် အမင်္ဂလာ အပေါင်းတို့ကို ပရမီးသီးအက်စ်က ဖမ်းယူပြီး ထိုအိုးတွင်း၌ ပိတ် လှောင်ထားခဲ့သည်။

ပင်ဒိုရာသည် တစ်နေ့တွင် ထိုအိုးကို တွေ့ရှိသွားပြီး မဆင် မခြင်ဖြင့် အလုံပိတ်ထားသော အိုးအဖုံးကို ဖွင့်လိုက်သည်။

အမင်္ဂလာအပေါင်းတို့ အိုးတွင်းမှ ထွက်လာပြီး ကမ္ဘာအနှံ့ ပျံ့၍ လူသားတို့ကို ဒုက္ခပေးလေတော့သတည်း။

အခမ္မရာဂ ခေါ် လိင်ဖောက်ပြန်မှု ဒုစရိုက်မှုတွေကြောင့် ရောဂါဆိုးတို့ ဤနှစ်ဆယ်ရာစုအတွင်း၌ ပေါ်ပေါက်လာကြသော အခါ…

နိမိတ္တပုံရိပ်တွေဖြင့် ကျွန်တော် စိုးရိမ်ထိတ်လန့်မိသည်။ ဖယူရီးဇ်တွေက ဟားပီးဇ်တွေကို လွှတ်လိုက်လေပြီလော။

ဪ… ပင်ဒိုရာ၏ အမင်္ဂလာအိုးအသစ်တစ်လုံး ပွင့်ပြန် လေပြီလော။

❑

## ( ၃ )

ကျွန်တော် အမေရိကန်ပြည်ထောင်စုတွင် ပညာသင်ကြား နေစဉ်အခါက ပညာတတ်များကြား၌ စိတ်ဝင်တစား ဆွေးနွေးကြ သည့် ဖြစ်နိုင်ခြေကိစ္စတစ်ခု ရှိခဲ့သည်။

ထိုဖြစ်နိုင်ခြေကား အကြင်လင်မယားစနစ် (Institution of Marriage) ဤကမ္ဘာမြေ၌ ပျောက်ကွယ်သွားနိုင်သည် ဆိုသည့် ခန့်မှန်းချက် ဖြစ်လေသည်။

အကြင်လင်မယားစနစ် ဟူသည်မှာ လူ့ယဉ်ကျေးမှု ခေါ် လူလုပ်ထားသောစနစ် ဖြစ်လေသည်။ တိရစ္ဆာန်များ၌ ဖို မ ကာမဂုဏ် ဆက်ဆံရေးသာ ရှိသည်။ အကြင်လင်မယားစနစ် မရှိ။ အကြင်လင်မယားစနစ် မရှိသောကြောင့် မိဘစနစ် မရှိ။ မိဘစနစ် မရှိသောကြောင့် မိသားစုစနစ် မရှိ။

လူနှင့် တိရစ္ဆာန်ကြား ခြားနားမှုတွေ များစွာ ရှိလေသည့်အနက် အလွန်ထင်ရှား၊ အလွန်ထူးခြားပြီး အလွန်အဓိကကျသည့် ခြားနားမှုကား တိရစ္ဆာန်နှင့် မတူ။ လူ၌ အကြင်လင်မယားစနစ်နှင့် မိသားစုစနစ် ရှိခြင်း ဖြစ်လေသည်။

မိသားစုစနစ်မှသည် လူ့အုပ်စု၊ လူ့ရွာ၊ လူ့ပြည်၊ လူ့နိုင်ငံဟူ၍ လူ့လောကကြီး ဖွံ့ဖြိုးတိုးတက်စည်ပင် သာယာလာသည်။

လူ့လောက ဆိုသည်မှာ ဇီဝဗေဒ (biological) လောကမျှသာ မဟုတ်။ လူတွေ လုပ်ထားသည့် လူ့ယဉ်ကျေးမှုသဘောကကြီးစိုးလွှမ်းမိုး ထိန်းချုပ်စောင့်ရှောက်ထားသည့် ထူးခြားမြင့်မြတ်သော လောကတစ်မျိုး ဖြစ်လေသည်။

လူ့ယဉ်ကျေးမှုစနစ်တို့ မည်သို့မည်ပုံ ဖြစ်ထွန်းပေါ်ပေါက်ခဲ့ပုံကို အကြောင်းရင်းရှာ ရှင်းပြသော သီအိုရီသဘောတရားအမျိုးမျိုး ရှိကြသည်။ သဘောတရားတစ်မျိုးကား ဇီဝဗေဒ၌ အခြေခံလျက် အကြောင်းရင်းရှာပြသော သဘောတရား ဖြစ်သည်။

ထိုသဘောတရားက အကြင်လင်မယားစနစ်၏ ဇီဝဗေဒ အခြေခံ အကြောင်းရင်းနှစ်ခုကို တင်ပြသည်။

အကြောင်းရင်းတစ်ရပ်ကား ပဋိသန္ဓေတည်ခြင်း (pregnancy) ဖြစ်လေသည်။ ဖိုနှင့် မ ကာမဂုဏ် ဆက်ဆံခံစားကြလျှင် မ ၌ ပဋိသန္ဓေတည်သည်။ ဤကား မလွှဲမရှောင်နိုင်သော ဇီဝဗေဒသဘောတစ်ခု ဖြစ်သည်။



လူပေါက်စလေးများကို တိရစ္ဆာန်ပေါက်စလေးများကဲ့သို့ လွှတ်ထား၍ မရ။ အရွယ်ရောက်သည်အထိ လူကြီးက မွေးမြူစောင့်ရှောက်ထားရသည်။ လူပေါက်စလေးတွေ အရွယ် ရောက်လာချိန်ကလည်း ကြာသည်။ သည်တော့ အချိန်ကြာရှည်စွာ တာဝန်ယူစောင့်ရှောက်သည့် 'တာဝန်ခံ' လူကြီးများ လိုသည်။ ဤအကြောင်းကြောင့် မိဘဟူသည့် အကြင်လင်မယား ရှိလာရသည်။

ဒုတိယ ဇီဝဗေဒအကြောင်းရင်းတစ်ရပ်ကား ကာလသားရောဂါ ဖြစ်လေသည်။ လူယောက်ျားနှင့် လူမိန်းမတို့ တစ်ဦးပြီးတစ်ဦး ပြောင်း၍ စည်းမရှိ၊ ကမ်းမရှိ ကာမဂုဏ် ဆက်ဆံခံစားကြလျှင် ကာလသားရောဂါ ရလျက် လူဖြစ်ရှုံးကာ အသက်တိုကြမည်။ ဤအကြောင်းကြောင့် ကန့်သတ်ထိန်းသိမ်းမှု ရှိသော ဖို မ ဆက်ဆံရေး ခေါ် အကြင်လင်မယားစနစ် ရှိလာရသည်။

နှစ်ဆယ်ရာစုနှစ် တစ်ဝက်ကျိုးချိန်၌ ဆေးပညာသိပ္ပံအစွမ်းကြောင့် ဖော်ပြပါ ဇီဝဗေဒ ထိန်းကျောင်း ကန့်သတ်ချက် နှစ်ရပ်ကို လူသည် ပမာမခန့် ပြုနိုင်လာသည် ဆို၏။

ပဋိသန္ဓေ တားမြစ်နိုင်သော ဆေးတွေ၊ ကိရိယာတွေ၊ နည်းတွေ ရှိလာသောကြောင့် ပဋိသန္ဓေတည်မည်ကို ကြောက်ရန် မလိုတော့။ ပင်နီဆီလင်ဆေးကလည်း ကာလသားရောဂါကို အောင်နိုင်ပြီ။

ဤသို့လျှင် ဇီဝဗေဒ 'သဘာဝ' ထိန်းကျောင်း ကန့်သတ်ချက် နှစ်ရပ်ကို အန်တုနိုင်ပြီဖြစ်သော လူသည် 'လွတ်'ချင်တိုင်း

လွှတ်နိုင်ပြီ ဖြစ်ရကား လွတ်လွတ်လပ်လပ် ကာမဂုဏ်ကြူးကြမည်။ မကြာမီ ရာစုနှစ်များအတွင်း အကြင်လင်မယားစနစ်ဟူသည့် ယဉ်ကျေးမှု ဤကမ္ဘာ၌ ပျောက်ကွယ်သွားလိမ့်မည်။

ကျွန်တော်တို့ ပညာတတ် မိတ်ဆွေတွေအချင်းချင်း ဤ အယူအဆကို ဆွေးနွေးဝေဖန်ကြသည်။

ကျွန်တော်က ဤ 'ဖြစ်နိုင်ခြေ' ကို မဖြစ်နိုင်ဟု ရဲရဲတင်းတင်း ပြတ်ပြတ်သားသားပင် ပယ်ချခဲ့သည်။

ကျွန်တော့်အမြင်ကို အပြည့်အစုံ ရှင်းပြရလျှင် ဤဆောင်းပါး သည် အလွန်ရှည်သွားလေမည်။

ကျွန်တော့်မိတ်ဆွေများကို နိမိတ်ပုံ ကဗျာသစ္စာ စကားဖြင့် ကျွန်တော် ပြောခဲ့ပုံကိုသာ ဖော်ပြပါမည်။

"အဲဒီလို ဖြစ်လာမှာကို ဘုရားရှင်က ခွင့်ပြုမတဲ့လား"

ကျွန်တော့်စကားကြောင့် ကျွန်တော့်မိတ်ဆွေများ မျက်လုံး ပြူးသွားကြသည်။

"မင်းက ဘုရားရှင်ကို ယုံလို့လား"

ကျွန်တော်သည် ဗုဒ္ဓဘာသာဝင် ဖြစ်ကြောင်း ကျွန်တော့် မိတ်ဆွေများ သိကြသည်။

ဗုဒ္ဓဘာသာဝင်တစ်ဦးက ခေါ်သော ဘုရားရှင်ဟူသည့် စကားနှင့် သူတို့ ယုံကြည်သော ဘုရားရှင် ဟူသော စကားနှစ်ရပ် ကြား ခြားနားမှုရှိကြောင်း ကျွန်တော့်မိတ်ဆွေများ သိကြသည်။



ထို့ကြောင့်လည်း အထက်ပါ မေးခွန်းကို မေးကြခြင်း ဖြစ်၏။

"တို့တွေ ပညာတတ်တွေပဲ၊ မလိုအပ်ဘဲ စကားကတ်တာ ရှောင်ကြရအောင်၊ မင်းတို့ မေးခွန်း ငါ ဖြေမယ်၊ ပလေတိုးတို့.. အရစ္စတိုတယ်တို့.. ရှူတာန်တို့.. အိုင်စတိုင်းတို့လည်း အမှန်တရား တစ်ရပ်ကို အနှစ်အသားချုပ်ပြီး အခြားနည်းနဲ့ ပြောလို့မရတဲ့အခါ ဘုရားရှင် ဆိုတဲ့ စကားကို သုံးကြတယ်"

"အာ… အာ… ဖစ်ဂါအော့ဖ်စပိချ် (figure of speech) ဟုတ်လား"

"ကြိုက်သလို ခေါ်၊ မနုဿဗေဒရှုထောင့်၊ လူမှုရေးပညာ ရှုထောင့်၊ စိတ်ပညာရှုထောင့်၊ စီးပွားရေးရှုထောင့် ဆိုတဲ့ ရှုထောင့် အမျိုးမျိုးနဲ့ တို့ ဆွေးနွေးပြီးကြပြီ၊ အားလုံးကို ချုပ်လိုက်တော့ ငါ ခုနင်က ပြောခဲ့တဲ့ မေးခွန်းပဲ ထွက်လာတယ်။

လူတွေ မိုက်မှားပြီး အလွန်အကျွံ ကာမဂုဏ်ကြူးကြမှာကို ဘုရားရှင်က ခွင့်ပြုမတဲ့လား"

သူတို့ အတွက်တော့ မသိ။

ကျွန်တော့်အတွက်တော့ ခိုင်မာသော ယုံကြည်ချက် 'အဖြေ' ရှိပြီးလေပြီ။

ရာဂ။

ဤ ကာမကိလေသာက ပုထုဇဉ်တိုင်း၌ ရှိသည်။ သဘာဝ၊ ဓမ္မတာ…။

အခမ္ဘရာက…

ပုထုဇဉ်ပါ ဟူသော ဆင်ခြေဖြင့် အခမ္ဘရာဂကိုတော့ ဇက်လွှတ်မပေးကြလေနှင့်။

ဘုရားရှင်က ခွင့်မပြုပါ။

❑

## ( ၄ )

ဘုရားရှင်ဟုပဲ ခေါ်ခေါ်။ ဓမ္မဟုပဲ ခေါ်ခေါ်။ သဘာဝတရားကြီးဟုပဲ ခေါ်ခေါ် ဤ'သဘောကြီး'ကတော့ ရှိနေသည်။

ကျွန်တော်ကတော့ ကဗျာသစ္စာဖြင့် ဘုရားရှင်ဟူသော စကားကို ပိုကြိုက်သည်။ ဤစကားကို လူမျိုးမရွေး၊ ဘာသာမရွေး လူတိုင်း နားလည်နိုင်သည်။

ဘုရားရှင်သည် အလွန်စိတ်ရှည်သည်။ အလွန်သည်းခံသည်။ အလွန်လည်း ကရုဏာကြီးသည်။

ကမ္ဘာသုံး ဒဿနစကားတစ်လုံးကို သုံးကြည့်မည်။

ဖရီးဝေးလ် (free will)။

စကားတစ်လုံးတည်းနှင့်တော့ မြန်မာဘာသာပြန်၍ မရပါ။

ကိုယ့်ဝန် ကိုယ့်ထမ်း၊ ကိုယ့်လမ်း ကိုယ်ရွေး၊ ကောင်းလျှင် စံ၊ မကောင်းလျှင် ခံ။ ခလုတ်ထိမှ အမိ မတနှင့်။ ဘယ်သူမပြု မိမိမှု။

ဖရီးဝေးလ် ဟူသော စကား၌ ဤအဓိပ္ပာယ်တွေ အားလုံး ပါဝင်နေသည်။

ကမ္ဘာဦးစကတည်းက လူကို ဘုရားရှင်က မချုပ်ချယ်ဘဲ ဖရီးဝေးလ်ကို ပေးသနားခဲ့သည်။

ဖရီးဝေးလ်သည် မီးပမာ ဖြစ်သည်။ ကောင်းကျိုးကိုလည်း ပေးနိုင်သည်။ ဆိုးကျိုးလည်း ပေးနိုင်သည်။

ဗုဒ္ဓရှင်တော်၏ အဆုံးအမစကားကို ဤနေရာ၌ မသုံးမဖြစ် သုံးရတော့မည်။

ယောနိသော မနသိကာရ။ အသင့်အားဖြင့် နှလုံးသွင်းခြင်း။

အင်္ဂလိပ်လိုတော့…

yoniso manasikara = wise attention; careful pondering ဟု ဘာသာပြန်သည်။

ထိုသဘော၏ ဆန့်ကျင်ဘက်က အယောနိသော မနသိကာရ။ မသင့်သောအားဖြင့် နှလုံးသွင်းခြင်း။

ဖရီးဝေးလ်ကို ယောနိသော မနသိကာနှင့် ပြုကြလျှင်တော့ ကောင်းပါ၏။ အယောနိသော မနသိကာရနှင့် ပြုကြလျှင် အန္တရာယ်ကြီးလေစွ။



သမိုင်း၌ လူသည် ဖရီးဝေးလ်ကို အယောနိသော မနသိကာရနှင့် မကြာခဏ သုံးခဲ့ကြသည်။ ဘုရားရှင်က မလိမ္မာသော ကလေးမီးကို ပူမှန်းသိအောင် စိတ်ရှည်စွာ သည်းခံအလိုလိုက် ကြည့်နေသည်။

သို့ရာတွင် ဘုရားရှင်၏ အလိုလိုက် သည်းခံခြင်း၌ အကန့်အသတ် ရှိနေသည်။

လူသားကလေးသည် မိုက်မဲမှု လွန်ကဲလာသောအခါ ဘုရားရှင်၏ စိတ်ရှည်သည်းခံမှုသည် ရပ်သွား၏။ ကရုဏာမှ လာသော ဆုံးမမြစ်တားမှုသည် မှတ်လောက်အောင် ပြင်းပြင်းထန်ထန် ဝင်လာသည်။

နေနတ် ဟီးလီယက်စ် (Helius) ၏ သား ဖီးသင် (Phaethon) သည် ဖခင်၏ နေရထားကြီးကို မဆင်မခြင် မနိုင်မနင်း တက်မောင်းသည်။ သွားမြဲလမ်းမှ သွေဖည်လျက် နိမ့်တုံမြင့်တုံနှင့် နေရထားခရီး ဖောက်ပြန်သည်။ ကမ္ဘာမြေ၌ မီးလောင်သည့်နေရာ လောင်၍ ရေခဲသည့်နေရာ ခဲကုန်သည်။

ကမ္ဘာမပျက်ရန် ဇူးစ် နတ်ဘုရားကြီးက ဖီးသင်ကို မိုးကြိုးနှင့် ပစ်ခွင်းသတ်ပြီး နေရထားကြီးကို ထိန်းလိုက်ရ၏။

လူသားတွေ မိုက်ချက်ကမ်းကုန်ဖြင့် လူသား စားကြသောအခါ ဇူးစ်ကပင် ကမ္ဘာကို ရေလွှမ်းပစ်ခဲ့ကြောင်း အထက်၌ ရေးခဲ့ပြီ။

သမ္မာကျမ်းစာဟောင်း၌လည်း မိုက်မဲမှု လွန်လာသော လူတို့ကို ဘုရားရှင် အပြစ်ပေး ဆုံးမခြင်းတွေကို ဖော်ပြထားသည်။

ကျွန်တော်တို့၏ ဇာတကတစ်ခုတွင်လည်း လူတို့ တရားပျက် ဆိုးသွမ်းကြလွန်းသဖြင့် သိကြားမင်းက ကြောက်ဖွယ်သော ဧရာမနရားကောင်ကြီး အသွင်ဆောင်လျက် ခြိမ်းခြောက်ဆုံးမ တရားပြရဖူးကြောင်း ဖတ်ရှုရသည်။

စက်မှုလက်မှု အလွန်ထွန်းကား၊ ရုပ်ပိုင်းဆိုင်ရာ ချမ်းသာမှုတွေ အဆမတန် တိုးတက်၊ ဘာသိဘာသာနေသော စိမ်းကားသည့် စက်ရုပ်လောကပမာ မြို့ကြီးပြကြီး ပတ်ဝန်းကျင်တွေ လွှမ်းမိုးလာသော နိုင်ငံအချို့၌ ကာမဂုဏ် ဖောက်ပြန်မှုများ မရှက်မကြောက် ကြီးထွားလာသည်။ အကြင်လင်မယားစနစ်သည် ပျက်လုလု ဖြစ်လာသည်။ နပုန်းပဏ္ဍုက် ဝဋ်ဆင်းရဲကိုပင် ယဉ်ကျေးမှုစနစ်တစ်မျိုးလိုလို လုပ်သူက လုပ်လာသည်။

ခက်ရချေရဲ့။ ဘုရားရှင်တို့၊ ရှုးစ်တို့၊ သိကြားမင်းတို့ စိတ်ရှည်လွန်းလှပါတကား။ ဖီးသင်လက်သစ်တွေ နေရထားသစ်နှင့် ဆော့ကစားနေသည်ကို ကြည့်နေတော့မှာလား။

ဘုရားရှင်သည် ကြည့်မနေပါ။

ကမ္ဘာ၌ ဟားပီးစ် (herpes) ခေါ် ရောဂါဆန်း ပေါ်လာသည်။

လိင်အင်္ဂါအသားနုတို့ထက် ရောင်ကိုင်းပူစပ်၊ အရည်တရွှဲရွှဲနှင့် ပေါက်ပြပုံနှံ့သော အနာတစ်မျိုးဟု ဆိုသည်။ ရေယုန်နာနှင့်



တူသည်ဟု ဆိုကြသည်။ သို့ရာတွင် သူက သာမန်ရေယုန်နာမဟုတ်။ ကာလသားရောဂါတစ်မျိုး။

ပင်နီဆီလင်ဆေးကိုလည်း အားကိုးမရတော့။

ကူးကလည်း ကူးစက်သေးသည်။

ဤရောဂါ ဘယ်က ရောက်လာသနည်း။

ဟားပီးစ် (herpes) နှင့် ဟားပီးဇ် (harpies) အသံထွက်နီး ဆင်နေသည်ကို သတိပြုမိသည်။

ဩော်… လူသား လူမိုက်များဆီ ဖယူရီးဇ်တို့က ဟားပီးဇ်တွေ လွှတ်လိုက်ကြပြီ ထင်သည်။

ဟားပီးဇ်တွေ သုတ်နေချိန်တွင်ပင် အေအိုင်ဒီအက်စ်ရောဂါက နောက်မှ လိုက်လာသည်။

လူသား တစ်နွယ်လုံး မျိုးပြုတ်နိုင်သည့် ရောဂါ။

ပင်ဒိုရာအိုးလည်း ပွင့်ပြန်လေပြီ။

မြတ်စွာဘုရား…

ဘုရားရှင်၏ စိတ်ရှည်ခွင့်လွှတ် သည်းခံချိန် ကုန်ပြီလော။

**အနောက်တိုင်း ဒဿနိကဗေဒပညာသမိုင်း** ဟူသော စာအုပ်ကြီး၌ **ပြန်လည်ဆန်းသစ်လာသောခေတ်**၏ အတွေးအမြင်တို့ကို ရှင်းပြရာတွင် ဆရာကြီးဘာထရန်ရပ်ဆဲလ် (Bertrand Russel) က အလွန်သတိတရား ထားပြီးမှ နားလည်သင့်သောစကားကို ဆိုခဲ့၏။

ဆရာကြီးက အမှောင်ခေတ် အပါအဝင် အလယ်ခေတ်ကို ထောက်လျက် နှိုင်းယှဉ်မှုပြစကားကို ဆိုခဲ့ခြင်း ဖြစ်လေသည်။ အလယ်ခေတ်များက လူသားသည် မိမိကိုယ်ကို အားမကိုး။ မိမိ၏ ဉာဏ်စွမ်းဉာဏ်စကို သုံးရကောင်းမှန်း မသိ။ မနုဿတ္တဘာဝေ ဒုလ္လဘော ဟူသည့် သဘောကို နားမလည်။ အရာရာကို အယူဝါဒ ရှင်းပြသည့်အတိုင်း မျက်စိမှိတ် ယုံတတ်ကြသည်။

ပြန်လည်ဆန်းသစ်လာသော ခေတ်ကာစပြီး ယနေ့ အပါအဝင် မော်ဒန် ခေါ် ခေတ်သစ်၌ လူသားသည် မိမိ၏ ဉာဏ်စွမ်းဉာဏ်စကို အားကိုးကြသည်။ အရာရာကို ကြောင်းကျိုးဆက်သွယ် စဉ်းစားမှု ဖြင့် ချင့်ချိန်ဆုံးဖြတ်ကြသည်။ ဉာဏ်၌ အခြေပြုသော သိပ္ပံပညာ စွမ်းဖြင့် သမုဒ္ဒရာကြီးတွေကို အောင်နိုင်ကြသည်။ အာကာသတွင်း ထိုးဖောက် ဝင်ရောက်ကြသည်။ အဏုမြူကို အထပ်ထပ် ခွဲစိတ်ပြီး မယုံဖွယ်ရာ ကြီးမားသော အားစွမ်းကို ပိုင်ဆိုင်လာကြသည်။ ကမ္ဘာဦးကတည်းက ရှိခဲ့သော ရောဂါဆိုး အတော်များများကို ကုသနိုင်နင်းလာကြသည်။ ဘာမဆို လူလုပ်လျှင် ရသည်ဟု မာန တက်လာကြသည်။ ဟိုးရှေးအခါက ထူးထူးဆန်းဆန်း ရှုပ်ရှုပ် ထွေးထွေး ဖြေရှင်းမရ ထင်ခဲ့သည့် အရာတွေကို ဖြေရှင်းပြကြသည်။

ဤသဘော အထွေထွေကို 'ဘုရားရှင် ဩဇာကျဆင်း၍ သိပ္ပံပညာ ဩဇာတက်လာသည်' ဟု ဆရာကြီးရပ်ဆဲလ်က စကား အလင်္ကာဖြင့် ပြောခဲ့ခြင်း ဖြစ်ပေသည်။



ဆရာကြီးကို လေးစားပါ၏။ ဆရာကြီး ဘာကို ဆိုလိုပြီး၊ ဘာကို မဆိုလိုမှန်းလည်း နားလည်ပါ၏။ သိပ္ပံပညာ ဩဇာတက်လာ သည့်အတွက်လည်း ဝမ်းသာဂုဏ်ယူပါ၏။ သို့ရာတွင်-

**'ဘုရားရှင်၏ ဩဇာကျဆင်းသွားခြင်း'** -

ဤစကားကို ကျွန်တော် ဘဝင်မကျပါ။ ဤစကားကြောင့် ဝမ်းမသာနိုင်ပါ။

အချို့သော သိပ္ပံပညာရှင်တို့နှင့် သိပ္ပံပညာဘက် ယိုင်သော ပညာရှင် ဆိုသူတို့က မိမိတို့ အလုပ်မှာ သိရေး ဖြစ်သည်။ ကျင့်ရေး မှာ မိမိတို့နှင့် မဆိုင်။ မိမိတို့၏ နယ်ပယ်အပြင်ဘက်က အရာဟု လိပ်ပြာသန့်သန့်နှင့် ဆိုကြသည်။

အင်း… သိခြင်းဟူသည်ကို အနက်အဓိပ္ပာယ် ဖွင့်ဆိုရာ၌ လိုကြသည် ထင်သည်။

ကျွန်တော်တို့ နားလည်ထားသည်ကား အခေါင်အထွတ် ဖြစ်သော သိခြင်းကို ပညာဟု ခေါ်သည်။

ပညာ ဟူသည် သိ ပယ် ဆိုက် ပွား ဟူ၍ တစ်ပြိုင်နက် ပြီးရသောကိစ္စ (၄) အစွမ်း ရှိသည်။ သိသည်နှင့် တစ်ပြိုင်နက် ပယ်သင့်သည်ကို ပယ်နိုင်ရမည်။ အစဉ်ဆောင်ထားပြီး ပွားသင့်သည့် အရာကို အထပ်ထပ်အခါခါ ပွားနေရမည်။

ဤသဘောနှင့်ကြည့်သော် သိစဉ်နှင့် ကျင့်စဉ်မှာ မခြားနား။ တစ်သားတည်း။ တစ်ပေါင်းတည်း။ သိစဉ်က ကျင့်စဉ်ကို အားပေး သည်။ ကျင့်စဉ်ကလည်း သိစဉ်ကို ခိုင်မာတည်တံ့စေသည်။

ယနေ့အထိတော့ ကမ္ဘာ့နိုင်ငံအများတွင် သိစဉ်နှင့် ကျင့်စဉ်သည် တခြားစီကဲ့သို့ ဖြစ်နေသည်။

သိပ္ပံပညာ တိုးတက်လာခဲ့သည်မှာလည်း အဆင့်ဆင့် ဖြစ်လေရာ ရုပ်ပိုင်းဆိုင်ရာ သိပ္ပံပညာက ရှေ့မှ ဦးဆောင်နေသည်။ နာမ်ပိုင်းဆိုင်ရာ သိပ္ပံပညာက နှေးကွေးလျက် နောက်ကျ ကျန်ရစ်သည်။

တော်ပါသေး၏။ ကမ္ဘာ၌ ဘာသာရေး အဆုံးအမများ ပျောက်ကွယ်မသွား။ ဆရာကြီး ရုပ်ဆဲလ် ပြောသကဲ့သို့ သြဇာကျဆင်းရုံသာ ကျဆင်းသည်။ လုံးဝ သုဉ်းမသွား။ ကွယ်မသွား။

ဘာသာရေး အဆုံးအမများက လူသားအတွက် ကျင့်စဉ်တွေ ပေးမြဲ ပေးနေသည်။

ခလုတ်ထိမှ အမိတတတ်သည့် ဓမ္မတာအတိုင်း ဒုက္ခကြီးတွေ တွေ့မှ လူသားသည် ဘာသာရေးအဆုံးအမများနှင့် ရှေးလူကြီးတို့၏ နိမိတ္တပုံရိပ် သင်ခန်းစာများကို သတိရကြသည်။

ဟီရိုရှီးမားနှင့် နာဂဆာကီမြို့များပေါ်တွင် သိပ္ပံပညာက မွေးထုတ်ပေးလိုက်သည့် အဏုမြူဗုံးတွေက ဘာလုပ်ခဲ့သည်ကို လူသားသည် ထိတ်လန့်တကြား မြင်တွေ့ခဲ့ရသည်။

သို့ရာတွင် သိပ္ပံပညာက ဤမျှနှင့် မရပ်။ ဟိုက်ဒရိုဂျင်ဗုံးကို ထုတ်လုပ်ပေးပြန်သည်။

ဤတွင် ကမ္ဘာ့ပညာရှင်များ မျက်လုံးပြူးသွားရတော့သည်။



အဏုမြူဗုံး၊ ဟိုက်ဒရိုဂျင်ဗုံးတို့ကို ပင်ဒိုရာ၏အိုးဟု နာမည်တပ်ကြသည်။ အဏုမြူ၏ အတွင်းသား လျှို့ဝှက်ချက်တွေကို ထုတ်ဖော်မိခြင်းကို မမပင်ဒိုရာ မနေနိုင် မထိုင်နိုင် လက်ဆော့ပြီး ပရမီးသီးအက်စ် ဝှက်ထားသည့် အိုးအဖုံးကို ဖွင့်လိုက်သည်နှင့် နှိုင်းကြသည်။

ယခုအခါတွင် အဏုမြူဗုံး၊ ဟိုက်ဒရိုဂျင်ဗုံးကို မဆိုထားနှင့်။ လူသားကောင်းကျိုးအတွက် လုပ်ထားသည့် နျူကလီးယားဓာတ်ပေါင်းဖိုများမှပင် မမျှော်လင့်သည့် အန္တရာယ်များ ပေါ်ထွက်လာသည်။

ဆဲဗင်းမိုင်းလ်စ်အိုင်းလန်း (Seven Miles Island)၊ ရုရှားနိုင်ငံ ချာနိုဘိုင်းလ် အဏုမြူ ယိုစိမ့်ပေါက်ကြားမှုများက မီးနှင့် ကစားချင်သော လူသားကို သတိပေးနေသည်။

လူသားကို စိတ်မချသော နတ်ဘုရင်ဇုစ်သည် မီးကို ဝှက်ထားဖူး၏။ ပရမီးသီးအက်စ်၏ စေတနာတော်ကြောင့် မီးရသွားသော လူသားကို ဆုံးမရန် ဇုစ်သည် ပင်ဒိုရာကို ဖန်တီးခဲ့၏။

ဘာကြောင့် ဇုစ်က မြန်မြန် လူမျိုးတုံးအောင် ယခင်တစ်ကြိမ်ကကဲ့သို့ ရေလွှမ်းမပစ်သနည်း။

ဇုစ်သည် လူသားကို ဖရီးဝေးလ်လေး သုံးခွင့် ပေးချင်ဟန်ရှိသည်။

'ဘယ်သူမပြု မိမိမှု၊ ကိုယ့်ကိုယ်ကိုယ် သိကြ' (Know Thyslef) ၊ ဤသို့ ရှုးစ် ဆိုလိုလေသလော။

အဏုမြူကို သိနိုင်သည်။ အာကာသကို သိနိုင်သည်။

ကိုယ့်ကိုယ်ကိုယ် သိရန် အလွန်ခဲယဉ်းလှသည်။

လူ့စိတ်သည် မကောင်းမှုဌ် ပျော်မွေ့ကြသည်။ လူသည် ကာမဘုံသားတွေ ဖြစ်သောကြောင့် ကာမအာရုံတွေကို နှစ်သက်သည်။ ကျွဲသည် နွံ၌ လူးရသည်ကို ပျော်မွေ့သကဲ့သို့ ကာမဂုဏ်ခံစားမှု၌ ပျော်မွေ့သည်။ လောဘတွေ၊ ဒေါသတွေ၊ မောဟတွေနှင့် ဗျာများနေရသောကြောင့် ကိုယ့်ကိုယ်ကိုယ် သိရန် အချိန်မရကြ။ ဆင်သေကောင်ပေါ်မှ ကျီးကဲ့သို့ သမုဒ္ဒရာတွင်း ဝင်မည့် ပင်လယ်ဝရောက်နေပြီကိုပင် သတိမပြုမိကြ။

သတိပြုမိသော ပညာရှင်တို့က လူတို့ကို သတိပေးသည်။

ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသားဘဝက ကမ္ဘာတွင် ကျော်ကြားသော စာအုပ်ကြီးတစ်အုပ် ရှိခဲ့သည်။ အမည်က 'Civilization of Trial' ဆီလျော်အောင် ဘာသာပြန်ရလျှင် 'တရားခွင်မှ လူ့လောက'။

ရေးသားသူက ကမ္ဘာကျော် သမိုင်းပညာရှင်ကြီး အာနိုးလ်တွိုင်းဘီး (Arnold Toynbee)။

ဤစာအုပ်ကြီးက လူသားတွေကို မာနမကြီးဘဲ သတိကြီးကြရန် တိုက်တွန်းသည်။



ဤကမ္ဘာမြေပြင်ပေါ်၌ လူတွေ မပေါ်မီက အခြား သတ္တဝါကြီးတွေ ပေါ်ထွက်ခဲ့ဖူးသည်။

ကမ္ဘာကြီး၏ သက်တမ်းကို ဂျီဩလော်လက်ဂျီကယ်လ်တိုင်းမ်ချတ် (Geological Time Chart) ခေါ် ဘူမိဗေဒသမိုင်းချိန်ပြဇယားနှင့် ဖော်ပြကြသည်။

လွန်ခဲ့သော နှစ်ပေါင်း သန်းတစ်ရာ့ကိုးဆယ်မှ သန်းတစ်ရာ့နှစ်ဆယ်အတွင်းမှ အချိန်ကို မက်ဆိုစိုးအစ်ခ်ခေတ် (Mesozoic Era) ဟု ခေါ်သည်။ ထိုခေတ်အစတွင် ဒိုင်နိုဆော (Dinosaur) ခေါ် သတ္တဝါကြီးများ ပေါ်ပေါက်လာခဲ့သည်။ ထိုသတ္တဝါကြီးများသည် အလျား ပေတစ်ရာအထိ ရှည်လျားကြီးမားလှသည့် ဧရာမသတ္တဝါကြီးတွေ ဖြစ်ကြသည်။ သူတို့သည် ဤကမ္ဘာမြေပြင်ပေါ်၌ နှစ်ပေါင်း သန်း ခုနစ်ဆယ်မျှ နေသွားကြသည်။

ယနေ့ ကမ္ဘာကို လူတို့၏ နန်းစံချိန် (reign) ဟု ခေါ်လျှင် မက်ဆိုစိုးအစ်ခ်ခေတ်ကို ဒိုင်နိုဆောတို့၏ နန်းစံချိန် (Reign of Dinosaur) ဟု ခေါ်နိုင်သည်။

ဧရာမသတ္တဝါကြီးများ၊ ဧရာမ နန်းစံချိန်ကြီး၊ နှစ်ပေါင်းသန်းခုနစ်ဆယ်။

ဗကဖြုဟ္မာကြီးလို စကားတတ်လျှင် ဒိုင်နိုဆောကြီးတို့ 'ငါသာ မြဲသည်' ဟု ကြွေးကြော် မာန်ဝင့်လောက်သည်။

ယခု ဤသတ္တဝါကြီးတွေ ဘယ်ရောက်သွားသနည်း။ ပျောက်သုဉ်းသွားသည်။ မျိုးဆက် အကြွင်းအကျန် မရှိ။ နောက်

တစ်ဖန် အသစ် ပြန်ပေါ်ခြင်း မရှိဘဲ သုဉ်း-သုည ဖြစ်အောင် ပျောက်သုဉ်းသွားခြင်းကို အင်္ဂလိပ်ဘာသာဖြင့် အိတ်စတင့်ရှင်း (extinction) ဟု ခေါ်သည်။

ယနေ့ ကမ္ဘာပေါ်၌ နန်းစံနေသော လူသားတွေကော မျိုးတုံးပြီး 'စုပ်စမြုပ်စ' မကျန်အောင် ပျောက်သုဉ်းမသွားနိုင်ပေဘူးလား။

လူသားက မပျောက်သုဉ်းနိုင်ဟု မာန်ဝင့်လျက် ဆိုချင်သည်။

မာန်ဝင့်ရန် မစောလွန်းပေဘူးလော။

လူဟု ခေါ်နိုင်သောသတ္တဝါ ဤကမ္ဘာမြေပေါ်၌ စပေါ်သည့်မှာ သိပ္ပံပညာအရ အနှစ်တစ်သိန်းမှ သုံးသိန်းခန့်သာ ရှိသေးသည်။ မော်ဒန်မင်းန် (modern man) ခေါ် ယနေ့အထိ တွေ့သိနေရသော ခေတ်သစ်လူသားစစ်စစ်တို့ ပေါ်လာသည်မှာ နှစ်ပေါင်း ငါးသောင်းသာ ရှိသေးသည် ဆို၏။

အနှစ် သန်းခုနှစ်ဆယ်နှင့် နှစ်သုံးသိန်း။ လူ့နန်းစံသက်မှာ 'ရေပွက်ပမာ ခဏတာ'မျှသာ ရှိသေးသည်။

လူသည် 'ငါသာ မြဲသည်'ဟု ကြွေးကြော်ရန် စောလွန်းနေသေးသည်။

လူက ဆင်ခြေတက်သည်။

ဒိုင်နိုဆောကြီးများသည် အကောင်သာ ကြီးသည်။ ဉာဏ်မရှိ။ ဒိုင်နိုဆောကြီးများက သဘာဝကို မနိုင်။

ထို့ကြောင့် သဘာဝဘေးအန္တရာယ်ကြောင့် မျိုးသုဉ်းသွားရသည်။ လူက သဘာဝကို အောင်နိုင်ပြီ။ ထို့ကြောင့် မျိုးမသုဉ်းနိုင်။



အာဂ လူ့မာန။

တွိုင်းဘီးက ဆိုသည်။

ဟုတ်ကဲ့... လူသည် သဘာဝကို အောင်နိုင်ပါသည်။ သို့ရာတွင် အတ္တ (ဝါ) ငါကို မအောင်နိုင်သေး။

အဲသည် 'ငါ'ကြောင့် ကိုယ့်ကိုယ်ကိုယ် မျိုးပျောက်သုဉ်းအောင် လုပ်နိုင်သေးသည်။

အမှု မပြီးသေး။ လူသားသည် တရားခွင်တွင် အမှုဆိုင်နေရဆဲ ဖြစ်သည်။

အေအိုင်ဒီအက်စ်ရောဂါ ပေါ်လာသောအခါ ကျွန်တော်က အဲသည် 'ငါ'ကို ထပ်ဆင့်ခွဲစိတ် ထောင်းထု၍ အမှုစစ်ချင်လာသည်။

❑

( ၅ )

လူသားကို မျိုးဖြုတ်နိုင်သည့် အန္တရာယ်သည် 'ငါ'ကို မနိုင်ခြင်းမှ လာနိုင်သည်ဟု တွိုင်းဘီးက ဆိုသည်။ သူက ဆဲ့ဖ် (self) ဟူသော စကားကို သုံးခဲ့သည်။ ကျွန်တော်က 'ငါ'ဟု ဘာသာပြန်ခြင်း ဖြစ်ပါသည်။

အင်္ဂလိပ်လို ဆဲ့ဖ်၊ မြန်မာလို ငါကို မဂဓဘာသာဖြင့် အတ္တဟု ခေါ်သည်။

အတ္တ… အထူးသဖြင့် အတ္တစွဲ၊ အတ္တမာန်တို့၏ အန္တရာယ် ကြီးမားပုံကို ဗုဒ္ဓမြတ်စွာဘုရားက အလေးနက်ဆုံး ဟောကြား ဆုံးမတော်မူခဲ့သည်။



ငါ သို့မဟုတ် အတ္တဟူသော သဘောသည် အဓိပ္ပာယ် သိမ်မွေ့နက်နဲလှသည်။ 'အတ္တဂမ္ဘီရ' ခေါ် နက်သော (ဝါ) ခက်သော အဓိပ္ပာယ်ရှိသည်။

ဤဆောင်းပါး၌ လိုအပ်သမျှသာ ခွဲစိတ်ပြပါမည်။

ပပဉ္စတရား သုံးပါး ဟူသည် ရှိ၏။ ပပဉ္စဟူသော စကား၏ အရင်းအမြစ် အဓိပ္ပာယ်ကား ချဲ့ခြင်း၊ ကြာမြင့်ခြင်း၊ ပြန့်လှန့်၍ ထားခြင်း၊ အမှားဟူ၍ ဖြစ်သည်။

အင်္ဂလိပ် ပါဠိပညာရှင် ချီးလ်ဒါးစ် (Childres) က diffuseness, prolixity, delay ဟု ဘာသာပြန်သည်။ ဗုဒ္ဓမြတ်စွာတရားတော်၌ အထူးအဓိပ္ပာယ်ကား သံသရာဝဋ်ဆင်းရဲကို ချဲ့ထွင်တတ်သောတရား ဟူ၍ ဖြစ်သည်။ ချီးလ်ဒါးစ်က-

'evil conditions, such as evil desire, false doctrine, pride, which delay or hinder a man in his spiritual progress.' ဟု ဖွင့်ဆိုပြသည်။

ပပဉ္စတရား သုံးပါးကို မဂဓဘာသာဖြင့် တဏှာ (evil desire)၊ ဒိဋ္ဌိ (false doctrine)၊ မာန (pride) ဟု နာမည်ပေး ရေတွက်သည်။

ပုထုဇဉ်၌ အတ္တ ရာခိုင်နှုန်းပြည့် ရှိသည်။ ရာခိုင်နှုန်းပြည့်ဟု ဆိုရသည်မှာ ပုထုဇဉ်၏ အတ္တတွင်း၌ တဏှာရော၊ ဒိဋ္ဌိရော၊ မာနရော ကျပ်ပြည့်တင်းပြည့် တစ်ခဲနက် ကိန်းရှိနေသည်။

တစ်နည်း ဆိုရသော် ပုထုဇဉ်၏ အတ္တ ဆိုသည်မှာ တဏှာ၊ ဒိဋ္ဌိ၊ မာနတရား သုံးပါး အပေါင်းအစုကြီး ဖြစ်လေသည်။

ကျွန်တော်၏ ကျေးဇူးရှင် ဝိပဿနာဆရာတော်ကြီးတစ်ပါး ဖြစ်တော်မူသည့် ဓမ္မစကြာဆရာတော်ဘုရားကြီးက တဏှာငါ၊ ဒိဋ္ဌိငါ၊ မာနငါဟု ရှင်းပြ သုံးနှုန်းတော်မူခဲ့သည်။

ဤ ငါ သုံးငါ ခေါ် ပပဉ္စတရား သုံးပါးသည် အလွန် 'ခေါင်းမာ'သည်။ မဂ်လေးတန်ဖြင့် အဆင့်ဆင့် ဖြုတ်ယူရသည်။ တဏှာ၊ ဒိဋ္ဌိ၊ မာန သုံးပါးကုန်လျှင် ငါလည်း ချုပ်တော့၏။

သို့ရာတွင် ဆိုခဲ့သည့်အတိုင်း ပုထုဇဉ်မှာက ပပဉ္စသုံးပါး ခေါ် ငါ သုံးငါက အပြည့်အဝ ရှိနေသည်။

တွိုင်းဘီး ထောက်ပြခဲ့သည်မှာ မာန ငါကြောင့် လူသားတွေ မျိုးပြုတ်ကုန်နိုင်ကြောင်း ဖြစ်လေသည်။

မာနတွေ တံခွန်ထူပြီး အဏုမြူဗုံးတွေ၊ ဟိုက်ဒရိုဂျင်ဗုံးတွေ လုပ်ကြ၊ သူ့ကို ကိုယ်ချ၊ ကိုယ့်ကို သူချနှင့် လူသားတွေ မျိုးပြုတ်ကုန်နိုင်သည်။

အင်း... မာန ငါ၏ အန္တရာယ် မကွယ်ပျောက်သေးမီ ယခု တဏှာ ငါ၏ အန္တရာယ်တွေက လာပြန်လေပြီ။

တဏှာ... ငါ၏ အန္တရာယ်။

ဤစကားကို အလေးအနက် ကျွန်တော် ဆိုပါ၏။

တဏှာ ငါ၏ အန္တရာယ်။



တဏှာကို တပ်ခြင်း၊ တပ်မက်မောခြင်း၊ တောင့်တခြင်း၊ ရေသိပ်ခြင်း၊ လောဘဟု အဓိပ္ပာယ်တွေ ပေး၏။ လူအများ နားလည်သော စကားနှင့် ပြောရလျှင် လိုချင်ခြင်း ဖြစ်လေသည်။

လူ၌ လိုချင်ခြင်းတွေ များလှစွာ၏။ တပ်မက်ခြင်းတွေ များလှစွာ၏။ တဏှာ၏ တရားကိုယ်ကို ကောက်တော့ လောဘကိုပင် ယူရ၏။ လူ၌ လောဘတွေ များလှစွာ၏။

တဏှာဖြင့် ပုထုဇဉ်သည် မိမိကိုယ်ကို တပ်မက်၏။ မိမိကိုယ်ကို ချမ်းသာစေသော သို့မဟုတ် ချမ်းသာစေသည်ဟု ယုံသော အရာတွေကို တပ်မက်၏။ အဲဒါတွေကို တောင့်တ၏။ ရေငတ်သလို တောင့်တ၏။ သောက်လေသောက်လေ ငတ်မပြေ ဖြစ်၏။

တဏှာ အမျိုးပေါင်းကား တစ်ရာ့ရှစ်မျိုး ရှိသည်။

ထားတော့။

ပုထုဇဉ် လူသား၏ တဏှာအပေါင်းတွင် ဆန့်ကျင်ဘက်လိင်ကို တပ်မက်သော တဏှာသည် အလွန်အားကြီး၏။ ဆန့်ကျင်ဘက် လိင်နှင့် ကာယသံသဂ္ဂ ခေါ် ကိုယ်ဖြင့် ပေါင်းသင်းဆက်ဆံခြင်း (ဝါ) မေထုန်မှီဝဲခြင်းမှ ရသော ကာယဝိညာဉ်ခေါ် ဖောဋ္ဌဗ္ဗာရုံ အတွေ့အထိကို ချမ်းသာခြင်းဟု ယူပြီး အလွန့်အလွန် တပ်မက်၏။ မေထုနသဿဒ ခေါ် မေထုန်၌ သာယာသည်။ ငါ-ငါ-ငါ။ ငါ ခံစားသည်။ ငါ ခံစားနိုင်သည်။ ခံစားသော ငါ ရှိသည်။ တဏှာ ငါ လက်မထောင်ပုံတည်း။

သောက်လေသောက်လေ ငတ်မပြေ ဖြစ်လာသူသည် မေထုန ဝိတိက္ကမ ခေါ် မေထုန် မှီဝဲခြင်း၌ လွန်ကြူးမှု ရှိလာသည်။

အဲသည်မှာ တဏှာ ငါသည် အန္တရာယ် သယ်လာတော့သည်။

တဏှာကိုပင် ရာဂဟု ခေါ်သည်။ ရာဂကို ဆိုးရည်၊ တပ်စွန်းခြင်း၊ တပ်မက်မောခြင်း၊ ခုံမင်ခြင်းဟု အဓိပ္ပာယ်ပေးသည်။ ရာဂကို မီးဟု လည်းကောင်း၊ အကုသလမူလ ခေါ် အကုသိုလ်၏ အခြေခံအရင်းအမြစ်အဖြစ် လည်းကောင်း မြတ်စွာဘုရား ဟောသည်။ ကျမ်းတို့၌ ဆန့်ကျင်ဘက်လိင်ကြောင့် ရာဂဖြင့် ပူလောင်သူများအကြောင်း ဖတ်ရသည်။ ရာဂန္ဓဟူသော စကားလည်း ရှိ၏။ ရာဂဖြင့် ကန်းသည်ဟု အဓိပ္ပာယ်ရသည်။

မင်္ဂညာဏ်နှင့် မပယ်စွမ်းနိုင်သေးသမျှ ပုထုဇဉ်၌ တဏှာ-ရာဂ ရှိသည်။ သို့ရာတွင် ပုထုဇဉ် ဖြစ်သောကြောင့်ဟု ဆိုပြီး တဏှာကို လက်မြှောက် အရှုံးပေးထားရမည်လော။ ရာဂကို ဇက်လွှတ်ပေးရမည်လော။ ဤသို့ဆိုလျှင် လူနှင့် တိရစ္ဆာန် ဘာခြားတော့မည်နည်း။

အိပ်-စား-ကာမ၊ ဤသုံးဝသာ ရှိနေလျှင် နွားနှင့် လူ အတူတူ ဟူသော ပညာရှိစကား ရှိသည်။

လူသည် တိရစ္ဆာန် မဟုတ်၊ လူ့ဘဝသည် ရခဲသော ဒုလ္လဘ ဖြစ်၍ မြတ်သည်။



ကမ္ဘာပေါ်ရှိ မြင့်မြတ်သော ဘာသာကြီးတိုင်းသည် တဏှာ-ရာဂ lust ကို ထိန်းသိမ်းချုပ်တည်းရန် ဆုံးမသည်။ မဆုံးမသော ဘာသာဟု မရှိ။

ကျွန်တော်သည် ဗုဒ္ဓဘာသာ ဖြစ်သောကြောင့် ကျွန်တော် နားလည်သော ဗုဒ္ဓမြတ်စွာဘုရား၏ အဆုံးအမကိုသာ တင်ပြ ဆွေးနွေးပါမည်။

နတ်ပြည်ခြောက်ထပ်သားတွေ၊ လူသားတွေနှင့် အပါယ် လေးဘုံသားတွေကို ကာမ ဆယ့်တစ်ဘုံသားတွေဟု ခေါ်သည်။ ကာမဘုံသားတွေ ဖြစ်သောကြောင့် သူတို့၌ ကာမတဏှာ ရှိသည်။ ဓမ္မတာတည်း။

"ကာမ ဆယ့်တစ်ဘုံမှာလေ၊ ရာဂစက်အဟုန် တစ်ထောင့်ငါးရယ်နှင့်..."

ဟု သီချင်းပင် ရှိသည်။ ကိလေသာစက် သုံးထောင်ဝက် ဟူသော အလင်္ကာစကားလည်း ရှိသည်။

ကာမ ဆိုသော စကားကလည်း ချစ်ကြိုက်ခြင်း၊ လိုချင်တောင့်တခြင်း ဟူသော အဓိပ္ပာယ်တွေ ရှိသည်။

ကာမတရားတွေက အစုအဝေးနှင့် ရှိသည်။ ထို့ကြောင့် ကာမဂုဏဟူသော စကား ရှိသည်။ မြန်မာလို ကာမဂုဏ်ဟု ခေါ်ကြသည်။ ကာမအစု။ ကိလေသာအာရုံ၌ ကပ်ငြိသော တရား အစုဟု အဓိပ္ပာယ်ရှိသည်။ ကာမဂုဏ်ကား အာရုံအလိုက် ငါးပါး

ရှိသည်။ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့ ဖြစ်ကြသည်။

ကာမဆယ့်တစ်ဘုံသားတွေက ဤအာရုံ ငါးပါးလုံး၌ တပ်ငြိသည်။ ဤအာရုံငါးပါးလုံးကို လိုချင်ကြသည်။ စွဲလမ်းနှစ်သက်ကြသည်။ ချုံ၍ဆိုလျှင် ကာမတဏှာ ရှိကြသည်။ ဗြဟ္မာတွေ၌မူ ကာမတဏှာ မရှိ။ ဘဝတဏှာ၊ ဝိဘဝတဏှာတွေသာ ရှိသည်။ ရဟန္တာ အရှင်မြတ်များ၌ကား ဘာတဏှာမျှ မရှိတော့။

ဆိုလိုသည်မှာ ဓမ္မတာ၊ ဓမ္မတာ ဆိုပြီး လက်မြှောက်အရှုံးပေးနေဖို့ မလို။ ကာမတဏှာကအစ တဏှာမှန်သမျှသည် ပယ်သတ်၍ ရသည်။

ဆန့်ကျင်ဘက်လိင်၌ တပ်မက်သော တဏှာသည် အဓိကအားဖြင့် ဖောဋ္ဌဗ္ဗအာရုံ၌ တပ်မက်သော တဏှာ ဖြစ်သည်။ သို့ရာတွင် အခြားအာရုံတို့ကလည်း ရောယှက်ပါဝင်နေကြသည်။ ထို့ကြောင့်လည်း သူက လူစွာလုပ် ဒုက္ခပေးနေသည်။ သူ ထကြွလျှင် ပူလောင်၏။ သူ လွှမ်းလာလျှင် မျက်စိကန်း၏။

အဲသည် တဏှာကိုပင် ပယ်သတ်၍ ရသည်။ ပယ်သတ်၍ပင် ရသောတရား ဖြစ်သောကြောင့် ထိန်းချုပ်ကန့်သတ်၍ ရသည်။

မထိန်းချုပ် မကန့်သတ်သည်မှာ 'ကိုယ် ညံ့၍'။

နျူကလီးယားအင်နာဂျီ ခေါ် အဏုမြူစွမ်းအင်သည် အလွန်ကြီးကြောင်း ကျွန်တော်တို့ သိကြသည်။ အဏုမြူဗုံးတွေ၊ ဟိုက်ဒရိုဂျင်



ဗုံးတွေ ပေါက်ကွဲခြင်းမျိုးကို (uncontrolled release of energy) ထိန်းချုပ်မှုကင်းသော စွမ်းအင်ထုတ်လုပ်မှုဟု ခေါ်သည်။ မကောင်းကျိုးသာ ပေးသည်။ နျူကလီးယား ဓာတ်ပေါင်းဖိုများမှ ထုတ်ပေးသော စွမ်းအင်ကိုကား (controlled release of energy) ထိန်းချုပ်မှုရှိသော စွမ်းအင်ထုတ်လုပ်မှုဟု ခေါ်သည်။ ကောင်းကျိုးများစွာ ပေးသည်။

ပုထုဇဉ် ဖြစ်သောကြောင့် ဓမ္မတာအတိုင်း ကာမတဏှာ ရှိနေသော်လည်း ထိုတဏှာကို ထိန်းချုပ်ရပေမည်။

မဖြစ်နိုင်သည်ကို ကျွန်တော် ပြောနေခြင်း မဟုတ်။

ဖြစ်နိုင်ကြောင်းကို သတိပေးနေခြင်း ဖြစ်ပါသည်။

မြတ်စွာဘုရားသည် သတ္တဝါတို့အတွက် ဖြစ်နိုင်သော တရားကိုသာ ဟောကြားခဲ့ကြောင်း မမေ့ကြစေလိုပါ။

ကျွတ်ထိုက်သော သတ္တဝါတို့အတွက် တဏှာ ချုပ်ငြိမ်း၍ နိဗ္ဗာန်ဝင်နိုင်ရန် တရားတော်မြတ်များ ဟောကြားတော်မူသကဲ့သို့ အရိယာဘုံသို့ မဆိုက်နိုင်သေးဘဲ သံသရာ၌ နေဦးမည့်သူများအတွက်လည်း အပါယ်လေးဘုံ တံခါးပိတ်၍ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံတည်းဟူသည့် 'အထက်တန်း သံသရာ'၌ ကျင်လည်ခံစားနိုင်ရေးအတွက် သိစဉ်တွေ၊ ကျင့်စဉ်တွေ ပေးသနားတော်မူခဲ့သည်။

သဘာဝကျ၍ ဖြစ်နိုင်သော သိစဉ်နှင့် ကျင့်စဉ်များ ဖြစ်[illegible]လသည်။

လူမှန်လျှင် အသက်ရှင် နေနိုင်ရေးအတွက် အာဇီဝ ခေါ် အသက်မွေးခြင်း ရှိရပေမည်။ ဤသဘာဝကို မြတ်စွာဘုရားသည် မဆန့်ကျင်။ မိစ္ဆာဇီဝ ခေါ် ဖောက်ပြန် မှားယွင်းသော အသက်မွေးခြင်းကိုသာ ဆုံးမ တားမြစ်၏။

လူမှန်သမျှ၌ လောဘက ရှိသည်။ ပုထုဇဉ်အဆင့်၌ ဓမ္မတာ သဘာဝအလျောက် ရှိနေသော လောဘမျိုးကို မြတ်စွာဘုရား သည်းခံတော်မူသည်။ ဝိသမလောဘ ခေါ် မသင့်တော်သော တပ်မက်ခြင်း (ဝါ) လယ်တီပဏ္ဍိတဦးမောင်ကြီးက 'လိုချင်ပုံ မဖြောင့်သော လောဘ'ဟု ဘာသာပြန်သော လောဘမျိုးကိုကား မြတ်စွာဘုရား ဆုံးမ တားမြစ်သည်။

လူမှန်လျှင် ရာဂ ရှိသည်။ မဂ်နှင့် မပယ်သတ်နိုင်သေးသော ရာဂမျိုးတို့ ပုဂ္ဂိုလ်အဆင့်အလိုက် ရှိနေကြခြင်းကို မြတ်စွာဘုရား အပြစ်မတင်။ သို့ရာတွင် အဓမ္မရာဂ ခေါ် မတရားသော (ဝါ) လမ်းမှန် မဟုတ်သော တပ်မက်ခြင်းကိုကား မြတ်စွာဘုရား ဆုံးမ တားမြစ်သည်။

မိစ္ဆာဇီဝ၊ ဝိသမလောဘ၊ အဓမ္မရာဂတို့သည် ယနဘဝ အတွက်လည်း မကောင်း။ သံသရာအတွက်လည်း မကောင်း။

မိစ္ဆာဇီဝ၊ ဝိသမလောဘတို့ကို အသာထား။ အဓမ္မရာဂ အကြောင်းကို ဆွေးနွေးပါမည်။ ဤဆောင်းပါး၏ အဓိကရည်ရွယ် ချက်မှာလည်း အဓမ္မရာဂ၏ ဘေးအန္တရာယ်ကို တင်ပြလိုခြင်း ဖြစ်ပါသည်။



မျက်မြင်ဒိဋ္ဌကိုမှ ယုံချင်သည် ဆိုသူများကို မေးချင်ပါ၏။

ယခင်က မရှိသော၊ ဆေးမရှိသေးသော…

ဟားပီးစ်ရောဂါတို့၊ အေအိုင်ဒီအက်စ်ရောဂါတို့ ဘယ်က ရောက်လာကြပါသနည်း။

မြေကြီးလက်ခတ် မလွဲသော အဖြေကား…

အဓမ္မရာဂမှ လာသည်။

မေထုနတိက္ကမမှ လာသည်။

သင်သည် ရာဂန္ဓ ခေါ် ရာဂဖြင့် ကန်းနေချင်ပါသလော။

❑

## ( ၆ )

အအိုင်ဒီအက်စ်တည်းဟူသော အခမ္မရာဂမှ ဖြစ်လာသည့် ရောဂါသည် သာမန်ရောဂါ မဟုတ်လေ။

ကြောက်မှုယ်သော ကပ်ရောဂါ ဖြစ်လေသည်။ ကပ်ဆိုသည်မှာ ကပ္ပဟူသော ပါဠိစကားမှ လာသည်။ ကပ္ပ၌ အဓိပ္ပာယ်များစွာရှိရာ အဓိကအားဖြင့် အချိန် (Time) နှင့် နေရာ (Space) ဟူသော အဓိပ္ပာယ်ကို လူသိများကြသည်။ ကပ္ပမှ ဆင်းသက်လာသော ကမ္ဘာဟူသော စကားကို မြန်မာ၌ လူတို့နေရာအဖြစ် လည်းကောင်း၊ လူတို့၏လောက ဟူ၍ လည်းကောင်း သိထားကြသည်။

ရောဂါဆိုးတစ်ခုသည် ကမ္ဘာရှိ လူသားအားလုံးကို သေကျေပျက်စီးနိုင်လျှင် ထိုရောဂါဆိုးကို ကပ်ရောဂါဟု ခေါ်ကြသည်။



ပလိပ်ရောဂါ၊ ကျောက်ရောဂါ စသည့် ကပ်ရောဂါများကို ကမ္ဘာသည် တွေ့ဖူး၊ ကြုံဖူးခဲ့ပြီးပြီ။ ဆေးပညာသိပ္ပံပညာရှင်တို့၏ ကျေးဇူးကြောင့် ဆေးကောင်းဝါးကောင်းများ ပေါ်လာကာ ရှေးရိုးထုံးတမ်းစဉ်လာ ကပ်ရောဂါများကို အောင်နိုင်ပြီဟု ဆိုနိုင်ပြီ။

ရှေးက ကပ်ရောဂါများသည် အသေအပျောက် များသော်လည်း လူမျိုးတုံးသွားလောက်အောင် မစွမ်း။ ထိုရောဂါများ လူအများ၌ ဖြစ်နေစဉ် မိမိမှာ မဖြစ်ဘဲ 'ရောဂါပြီး'နေသည်ဟု မြန်မာလို ခေါ်သော အင်မူးနက်တီ (Immunity) ရှိသူအချို့လည်း ရှိနေသည်။

အင်မူးနက်တီ ဆိုသည်မှာ ခန္ဓာကိုယ်တွင်း၌ ရောဂါကို အနိုင်ယူနိုင်သော ခုခံအားကောင်းနေခြင်းဟု အများ နားလည်အောင် ဆိုပါမည်။

လူနှင့် သတ္တဝါတို့သည် ရောဂါဖြစ်စေနိုင်သော သက်ရှိ၊ သက်မဲ့ ဝတ္ထုပစ္စည်းတို့နှင့် အစဉ် တွေ့ထိနေရသည်။ ထိုဝတ္ထုပစ္စည်းတို့က အကြောင်းအမျိုးမျိုး၊ နည်းအမျိုးမျိုးနှင့် လူ့ခန္ဓာကိုယ်အတွင်း ဝင်နေကြသည်။ သို့ရာတွင် လူနှင့် သတ္တဝါတို့ ကိုယ်တွင်း၌ ရန်မျိုးဖြစ်သော ဝတ္ထုပစ္စည်းတို့ကို လွှမ်းမိုးဖျက်ဆီး အနိုင်ယူသည့် ဇီဝဗေဒ၊ ဇီဝကမ္မ ဖွဲ့စည်းမှုစနစ်တစ်ခု ရှိသည်။ ထိုဖွဲ့စည်းမှုစနစ်ကို အီမွန်းစနစ် (Immune System) ဟု အများ နားလည်အောင် ခေါ်ဆိုကြသည်။

အိမ္မန်းစနစ်သည် အံ့ဖွယ်ကောင်းစွ။ ကျေးဇူးကြီးစွ။
အသက် ဟူသော သဘောသည် ဆန်းကြယ်စွ။

နေ့စဉ် သာမန်လူတို့ မသိသာ မသိသည်၊ ထိုကိုယ်တွင်း ခုခံအားစနစ်သည် အသက်ကို အစဉ်အမြဲ စောင့်ရှောက်ပေးနေသည်။

သဗ္ဗညုတ ဗုဒ္ဓဘုရားရှင်တော်သည်လည်း ဇီဝ ခေါ် အသက် သဘောကို အလွန်နက်နဲ လေးနက်စွာ ဟောကြားတော်မူခဲ့သည်။

ဗုဒ္ဓဒဿနစနစ်၌ အသက်ကောင် ဟူသည့် ဇီဝါတ္တမံ၊ အတ္တာမံ၊ ပရမာတမံ သဘောတွေ မရှိ။ သို့ရာတွင် ဇီဝဟု ခေါ်သော သင်္ခါရအစဉ်သဘောမူ ရှိသည်။

အသက် ဟူသော သဘောရှိလာလျှင် ထိုအသက်သဘောကို ထိန်းသိမ်းစောင့်ရှောက်သည့် ဇီဝိတိန္ဒြိယသဘောလည်း ရှိလာသည်။

ဇီဝိတိန္ဒြိယ ဆိုသော စကားမှာ ဇီဝိတ ဟူသော စကားနှင့် ဣန္ဒြိယဟူသော စကားကို ပေါင်းထားခြင်း ဖြစ်လေသည်။

ဣန္ဒြိယ (Indriyam) ကို အင်္ဂလိပ်ဘာသာဖြင့် -

A Power, Faculty, Function, Organ ဟု အဓိပ္ပာယ်ပေးသည်။ အစွမ်း၊ စွမ်းရည်သတ္တိ၊ သဘာဝကိစ္စ၊ မျက်စိ၊ နားစသည်ကဲ့သို့သော ကိုယ်အင်္ဂါဟု မြန်မာလို အဓိပ္ပာယ်ရသည်။

တစ်နည်းဆိုရလျှင် ဣန္ဒြိယ ဆိုသော စကားသည် မိမိ၏ သဘာဝအမှုကိစ္စကို ပြုရန် အစွမ်း၊ ပြုနိုင်သည့် စွမ်းရည်သတ္တိကို



ဆိုလိုပေသည်။ ဥပမာ - စက္ခုန္ဒြိယသည် မြင်ခြင်းအမှုကိစ္စကို ပြုသည့်အစွမ်း၊ ပြုနိုင်သည့် စွမ်းရည်သတ္တိကို ဆိုလိုသည်။

ဇီဝ ခေါ် အသက်သဘော၌လည်း သူ့အမူအရာ၊ သူ့သဘာဝကိစ္စ ရှိသည်။ ထိုအမူအရာ ထိုကိစ္စကား အင်္ဂလိပ်ဘာသာဖြင့် Life ဟူ၍ လည်းကောင်း၊ Vitality ဟူ၍ လည်းကောင်း ခေါ်သည့် အသက်ရှင်သန်နေမှု ဖြစ်သည်။

အသက်ဟူသော သဘော ဖြစ်လာလျှင် သဘာဝသက်တမ်း အရ အဋ္ဌါနသန္တတိ ခေါ် အစွန့်အစဉ်ကလေး ဆက်လျက် ရှင်သန်နေရန် ထိန်းသိမ်းစောင့်ရှောက်ပေးသည့် အစွမ်း (ဝါ) စွမ်းရည်သတ္တိ သဘော ရှိလာသည်။ ထိုသဘောကို ဇီဝိတိန္ဒြိယဟု ခေါ်သည်။ ထို့ကြောင့်လည်း ဇီဝိတိန္ဒြိယ (Jivitindriyam) ကို-

'Principle of Life, Life Vitality' ဟု အင်္ဂလိပ်လို ဘာသာပြန်သည်။

သင်္ခတလောက၌ ဖြစ်ပေါ်မှုအားလုံးကို စတုသမုဋ္ဌာန ခေါ် ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော အကြောင်းရင်းတရားလေးပါးက ပြုပြင်စီရင်သည်။ ထိုလေးပါးတွင် အင်္ဂလိပ်ဘာသာဖြင့် ဒွန်မနင့် (Dominant) ခေါ် 'ယှဉ်လျှင် ပို၍ အရှိန်တန်ခိုး' ရှိသော ပဓာန (ဝါ) သူ့ထက်ကြီးသော အကြောင်းတရားသည် ရှိသည်။ ဇီဝိတိန္ဒြိယ အပါအဝင် ဣန္ဒြိယတရားတို့၌ ကံအကြောင်းသည် ပဓာနကျသည်။ ဤသဘောကို မြန်မာလို ကံ ပြဋ္ဌာန်းသည်ဟု သုံးသည်။

ဇီဝိတိန္ဒြိယ သဘောသည် ကံ ပြဋ္ဌာန်းသော သဘော ဖြစ်သည်။

အသက် ဟူ၍ စဖြစ်လိုက်သည်နှင့် ရုပ်ဇီဝိတ၌ သေးငယ်သော မြူမှုန်လေးက စသည်။ ထိုအမှုန်လေးကို ဇီဝိတနဝက ကလာပ်ဟု ခေါ်သည်။ ဇီဝိတလျှင် ကိုးခုမြောက် ပါဝင်သော ရုပ်ကလာပ်စည်းလေးဟု အဓိပ္ပာယ်ရသည်။ ပထဝီ + အာပေါ + ဝါယော + တေဇော + ဝဏ္ဏ + ရသ + ဂန္ဓ + ဩဇာ ဟူသည့် အခြေခံဓာတ် ရှစ်ပါးတွင် ဇီဝိတဓာတ်လေး ကိုးခုမြောက်အဖြစ် လာပေါင်းစည်း၍ ထောက်ပံ့သည်။

ထိုဇီဝိတနဝက ကလာပ်လေးသည်ပင်လျှင် သက်တမ်းရှိသမျှ ခန္ဓာကိုယ်ကို ဖရိုဖရဲ မဖြစ်အောင် ထိန်းသိမ်းစောင့်ရှောက်သွားသည်။ ထိုကလာပ်လေးသည်ပင် ဇီဝိတိန္ဒြိယလေး ဖြစ်လေသည်။ ထိုအစွမ်းသတ္တိလေးသည်ပင် ခန္ဓာကိုယ်အနှံ့ ဖရဏဓာတ်ဖြင့် ဖြန့်၍ တည်နေသည်။

သိပ္ပံနည်းနှင့်ပဲ ကြည့်ကြည့်၊ ဗုဒ္ဓဒေသနာနှင့်ပဲ ကြည့်ကြည့် အသက် ဟူသော သဘောသည် ဆန်းကြယ်စွ။ အံ့သြဖွယ်ရှိစွ။ သက်တမ်းအလိုက် အသက်ဟူသော အဒ္ဓါနသန္တတိသင်္ခါရ အစဉ်လေးကို အပြုဘက် (ဝါ) အဖြစ်ဘက်မှ ဆောင်းကဲပြီး ပြုပြင်စီရင်ပေးသော သဘောသည် အီမွန်းစနစ်ဟုပဲ ခေါ်ခေါ်၊ ဇီဝိတိန္ဒြိယပဲ ခေါ်ခေါ် ကျေးဇူးကြီးလှစွာ၏။



အသက် ဟူသော သဘောသည် ဖြစ်ခဲစွ။ လူ့အသက်ဟူသည် ပို၍ ဖြစ်ခဲစွ။ ဖြစ်ခဲသော အသက်ကို ဖြစ်လာလျှင် ထိန်းသိမ်းစောင့်ရှောက်ပေးသော စနစ် (ဝါ) အဖြစ်သင်္ခါရသဘောသည်လည်း ဇီဝိတနိကန္တိ ခေါ် အသက်ကို နှစ်သက်ခြင်း ရှိသူ ပုထုဇဉ်တို့အတွက် ကျေးဇူးကြီးလှပေသည်။

သို့ရာတွင် အသက် ဟူသည် သင်္ခါရမျိုး ဖြစ်လေသောကြောင့် ဇီဝိတန္တရာယ ခေါ် အသက်အန္တရာယ်တို့က ရှိနေသည်။

အသက် ဉာဏ်စောင့် ဟူသော စကား ရှိသည်။

ဇီဝိတပရိက္ခာရ ဟူသော စကားလည်း ရှိသေးသည်။ အသက်၏ အရံအတား အဆောက်အအုံ ဖြစ်သော ပစ္စည်းဟု အဓိပ္ပာယ်ရသည်။ ထိုပစ္စည်းတို့ဖြင့် ဉာဏ်ရှိသောသူသည် ပြည့်စုံစေပြီး မိမိ၏အသက်ကို ဇီဝိတပရိယန္တ ခေါ် အသက်အဆုံးတိုင်အောင် စောင့်ရှောက်မွေးမြူရသည်။

အင်း… ထို အင်းကို အရှည်ကြီး ကျွန်တော် ချမိပါသည်။

အေအိုင်ဒီအက်စ်ရောဂါသည် ရှေးက ကပ်ရောဂါများနှင့် မတူ။ ရှေးက ကပ်ရောဂါများသည် ကပ်ရောဂါစစ်စစ် မဟုတ်သေး။ ကပ္ပ ခေါ် ကမ္ဘာ၌ လူမျိုးတုံးသွားစေနိုင်သည့် ရောဂါမျိုး ရာနှုန်းပြည့် မဟုတ်ကြ။

အေအိုင်ဒီအက်စ်ရောဂါကား အီမွန်းစနစ်ကို တိုက်ရိုက် ဖျက်ဆီးသော ရောဂါ ဖြစ်သည်။ အသက်သဘောကို ထိန်းသိမ်းစောင့်ရှောက်သောစနစ်ကို ဖျက်ဆီးသောရောဂါ ဖြစ်သည်။ အသက်

၏ အရွက်၊ အခက်၊ ပင်စည်တို့ကို မဖြို။ အသက်၏ အရင်းအမြစ်ကို ဖြိုသောရန်သူ ဖြစ်သည်။ အသက်တည်းဟူသော နိုင်ငံ၏ အစွန်အဖျားကို မတိုက်။ ဗဟိုအချက်အချာကို တိုက်သည်။ အသက်တပ်၏ ငယ်သားများကို မတိုက်၊ ဦးစီးခေါင်းဆောင်ကို တိုက်သည်။

ဩော်... ဇီဝိတိန္ဒြေယကို တိုက်ရိုက် ဖျက်ဆီးသော ရောဂါဟု ခေါ်ရပေမည်။

တစ်ဦးတစ်ယောက်တည်း၏ ဇီဝိတိန္ဒြေယကိုသာ ဖျက်ဆီးသည် မဟုတ်။ ကာယသံသဂ္ဂပြုသူများနှင့် သားစဉ်မြေးဆက်၏ ဇီဝိတိန္ဒြေယကိုပင် ဖျက်ဆီးသည်။ ဆေးထိုးအပ်တွေ၊ သင်တုန်းဓားတွေကတစ်ဆင့် အပြစ်မဲ့သူ၊ မဆီမဆိုင်သူတွေ၏ ဇီဝိတိန္ဒြေယကို ဖျက်ဆီးသည်။

ဤရောဂါမျိုးမှ လူမျိုးတုံးအောင် မလုပ်လျှင် ဘယ်ရောဂါက လုပ်မည်နည်း။

ဤရောဂါကိုမှ ကပ်ရောဂါဟု မခေါ်လျှင် ဘယ်ရောဂါကို ခေါ်မည်နည်း။

လူတို့ စဉ်းစားကြပါကုန်။

ဤရောဂါသည် အဓမ္မရာဂမှ လာကြောင်း ကျွန်တော် ဆိုခဲ့ပြီ။

ရာဂနှင့် ရောဂါတို့ ဆက်သွယ်မှုကို မြတ်စွာဘုရားသည် ရှေးနှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်ကတည်းက ဟောကြားတော်မူခဲ့သည်။



လူတို့၌-

ဒေါသထုပြောလျှင် သတ္တန္တရကပ် ခေါ် လက်နက်ဘေး နှိပ်စက်ခြင်းကပ် ဆိုက်သည်။

မောဟ လွန်ကဲလျှင် ငတ်မွတ်ဘေး နှိပ်စက်ခြင်းဟူသည့် ဒုဗ္ဘိက္ခန္တရကပ် ဆိုက်သည်။

ရာဂ လွန်ကဲလျှင် ရောဂါဘေး နှိပ်စက်ခြင်းဟူသည့် ရောဂန္တရကပ် ဆိုက်သည်။

မူလဒေသနာကျမ်းရင်းများနှင့် အလှမ်းဝေးနေပါသော် သေက္ခတောင်ဆရာတော်ဘုရားကြီး၏ ပဋ္ဌာတဓေဒနိယဒီပနီကျမ်း၌ ရှုကြပါရန် လေးစားစွာ ညွှန်းပါသည်။

ဒေါသတို့၊ မောဟတို့၊ ရာဂတို့ ဆိုသည်က နာမ်သဘောတွေ၊ နာမ်သဘောတွေကြောင့် ရုပ်ခန္ဓာ၌ ဘေးလာဖြစ်သည် ဆိုခြင်းကို "ဘုရားသခင် ဩဇာကျဆင်း"နေသူ အချို့က ယုံချင်မှ ယုံကြမည်။ အထူးသဖြင့် ရာဂကြောင့် ရောဂါ ဖြစ်သည်။ ရောဂါမှ ရိုးရိုးရောဂါ မဟုတ်။ ကပ်ရောဂါ ဖြစ်နိုင်သည် ဆိုသော အခဲ့အမကို အလွယ်တကူ မယုံနိုင်သူများ ရှိနိုင်သည်။

ထိုသူများ၏ မျက်လုံးတွင်းသို့ အေအိုင်ဒီအက်စ်ရောဂါက စိန်းစိန်းစိုက်ကြည့်နေသည်။

❑

## ( ၇ )

ရုပ်ခန္ဓာ၌ ရောဂါဟု ခေါ်သော ဖြစ်ပျက်မှုအစဉ်သည် စိတ်အကြောင်း၊ ကံအကြောင်းကြောင့်လည်း ပေါ်ပေါက်သည်ဟု ဆိုလျှင် သာမန်ခေတ်ပညာတတ်သူတို့သည် မယုံနိုင်အောင် ရှိတတ်သည်။ ဥတုကြောင့်၊ အာဟာရကြောင့် ရောဂါဖြစ်နိုင်ခြင်းကိုမူ သံသယမရှိဘဲ လက်ခံကြသည်။

မြတ်စွာဘုရား၏ တရားတော်တွင် စတုသမုဋ္ဌာနဟူသော ဝေါဟာရသည် အလွန်ထင်ရှားသည်။ သမုဋ္ဌာန သို့မဟုတ် သမုဋ္ဌာန် ဟူသော စကားကို ဝိသုဒ္ဓိမဂ် မြန်မာဘာသာပြန်ကျမ်း၌ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးက 'ဖြစ်ကြောင်း'ဟု ဘာသာပြန်သည်။ စတုသမုဋ္ဌာန ဟူသည်မှာ ရုပ်ခန္ဓာကောဋ္ဌာသတို့၏ ဖြစ်ပျက်



မှုတို့၏ အကြောင်းလေးပါး ဖြစ်လေသည်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရဟု မြန်မာအများ သိရှိယဉ်ပါးကြသည်။

ကောဋ္ဌာသရုပ်ဓာတ်တို့၏ ဖြစ်ကြောင်းလေးပါးကို လက်ခံယုံကြည်သော မြန်မာ အပါအဝင် အရှေ့တိုင်းဆေးပညာက ရောဂါဖြစ်ခြင်း၌ လည်းကောင်း၊ ကုသခြင်း၌ လည်းကောင်း ကံ-စိတ်-ဥတု-အာဟာရ အကြောင်းတရား လေးပါး အရေးကြီးပုံ၊ အရေးပါပုံကို အသိအမှတ်ပြုခဲ့ကြသည်မှာ ကြာခဲ့ပြီ။

အနောက်တိုင်း ဆေးပညာသိပ္ပံကမူ ဥတုကြောင်း၊ အာဟာရကြောင်းတို့ကို ရှေးကတည်းက လက်ခံခဲ့ကြသော်လည်း စိတ်ကြောင်းကို လက်ခံလာသည်မှာ သမိုင်းအတိုင်းအတာအရမူ မကြာလှသေး။ ကံအကြောင်းကိုကား လက်ခံရန် ဝန်လေး တွန့်ဆုတ်နေကြသည်။ စိတ်ကြောင်း၌ပင် ထိုးထွင်းသိဖွယ်တွေ များစွာ ရှိနေသေးသည်။

ယနေ့ ဆေးပညာသိပ္ပံက ဆိုင်ကိုးဆိုးမက်တစ်ဒီဇီးစ် သို့မဟုတ် ဒစ်(စ်)အော်ဒါ (Psychosomatic Disease or Disorder) ကို လက်ခံပြီ။

ဆိုင်ကိုး ဆိုသည်မှာ စိတ်၊ ဆိုးမာ ဆိုသည်မှာ ရုပ်ခန္ဓာကိုယ် ကောဋ္ဌာသ၊ အများ နားလည်အောင် ဘာသာပြန်ရလျှင် စိတ်ကြောင့် ရုပ်ခန္ဓာကိုယ်တွင် ဖြစ်ပွားသော ရောဂါဟု ဖြစ်သည်။

တိတိကျကျ သဘောပေါ်လွင်အောင်မူ အနည်းငယ် ရှင်းပြရပါမည်။

စိတ်သည် ဟိုလိုလို သည်လိုလို လှုပ်လှုပ်ဝှက်ဝှက် ထူးထူး ဆန်းဆန်း ရုပ်ခန္ဓာကို ထိခိုက်ပျက်ယွင်း ဖောက်ပြန်စေခြင်းကို မဆိုလို။

ဤနေရာ၌ စိတ် ဆိုသည်မှာ အီမိုးရှင်း (Emotion) ဟု ခေါ်သော ခံစားမှုများကို ဆိုလိုသည်။ ဒေါသထွက်ခြင်း၊ ကြောက်ခြင်း၊ စိုးရိမ်ခြင်း၊ ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်း၊ မုန်းစိတ်ကြွခြင်း၊ ချစ်စိတ်ကြွခြင်း၊ ကာမစိတ်ကြွခြင်း၊ လောဘစိတ်ကြွခြင်း၊ မျှော်လင့်ချက် တွန်းဆွခြင်း၊ ယှဉ်ပြိုင်စိတ် ကဲလွှမ်းခြင်းတို့ကား လူအများ သိသည့် အကြမ်းစား ခံစားမှုများ ဖြစ်ကြသည်။

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ပီတိ၊ သဒ္ဓါ စသော အနုစား ခံစားမှုများလည်း ရှိသေးသည်။ သာမန်လူတို့သည် အနုစား ခံစားမှုများကို ခံစားမိခဲသည်။ ခံစားမိပြန်လျှင်လည်း သတိပြု မှတ်မိခဲသည်။

အကြမ်းစား ခံစားမှုများကား ထင်ရှားသည်။ စိတ်ပညာသည်ပင်လျှင် အကြမ်းစား ခံစားမှုများကို လေ့လာခြင်း၊ သုတေသနပြုခြင်းများစွာ လုပ်သည်။ အနုစား ခံစားမှုများကို လေ့လာမှု မရှိသလောက်ပင် နည်းပါးသည်။

ထားပါတော့။

အကြမ်းခံစားမှု (စိတ်)ပေါ်လာလျှင် ရုပ်ခန္ဓာတွင် ဇီဝကမ္မ ပြောင်းလဲ(ဖောက်ပြန်)မှုများ ပေါ်လာသည်။ ယင်းတို့ကို ဖစ်ဇီယာလိုဂျစ်ကယ်(လ်) ကွန်ကိုးမစ်တင့်(စ်)အော့(ဖ်) အီမိုးရှင်း (Physiological Concomitance of Emotion) ဟု ခေါ်သည်။



ခံစားမှု(စိတ်)နှင့် ယှဉ်တွဲဖက်ပြိုင် ပေါ်လာသော ဇီဝကမ္မ(ရုပ်) ပြောင်းလဲ(ဖောက်ပြန်)မှုများဟု အဓိပ္ပာယ်ရသည်။ အဲသည် ပြောင်းလဲ(ဖောက်ပြန်)မှုများကို ပသာဒစက္ခုဖြင့်လည်း မြင်သိနိုင်သည်။ တိုင်းတာစမ်းသပ်၍လည်း ရသည်။ ထို့ကြောင့် သိပ္ပံပညာက လက်ခံနိုင်သော ဒေးတာ (data) ခေါ် အချက်အလက်များ ဖြစ်လေသည်။

လူအများပင် သတိပြုမိသော ဇီဝကမ္မ ပြောင်းလဲမှုကား နှလုံးခုန်နှုန်း ဖြစ်လေသည်။ စိတ်ခံစားမှု ပေါ်လာလျှင် နှလုံးခုန်နှုန်းသည် မြန်လာ၏။ သွေးတိုးနှုန်းသည်လည်း တက်လာရာ သက်ဆိုင်ရာ ကိရိယာနှင့် တိုင်းပြီး သိနိုင်သည်။ အသက်ရှူနှုန်းသည်လည်း ပြောင်းလဲသွား၏။ ပြွန်ရှိသော အကျိတ်များ အလုပ်လုပ်ပုံလည်း ပြောင်းလဲကြသည်။ အသိသာဆုံးက ချွေးကျိတ်များက ချွေးတွေ ပိုထွက်ပေးကြသည်။ ခံစားမှုသည် အစာကြေရေးဆိုင်ရာ အကျိတ်များကိုလည်း အလုပ် ဖောက်ပြန်စေသည်။

ပြင်းထန်သော ခံစားမှု ဖြစ်ပေါ်စဉ် တံတွေးကျိတ်မှ တံတွေးထွက်ခြင်းကို ပိတ်ပင်သောကြောင့် လျှာတွေ၊ အာတွေ ခြောက်တတ်သည်။ အစာအိမ်မှ အစာကြေရည် ထွက်ခြင်းကိုလည်း ပိတ်ပင်သည်။ အစာအိမ်နှင့် အူသိမ်တို့သို့ သွေးပို့ခြင်း လျော့ပါးသွားသောကြောင့် ယင်းကိုယ်တွင်းအင်္ဂါတို့၏ အစာခြေလုပ်ငန်းတို့ကို ရပ်ဆိုင်းပစ်သည်။

ခံစားမှုသည် ပြွန်မဲ့အကျိတ်တစ်ခု ဖြစ်သော အက်ဒရင်နယ်(လ်) (Adrenal) အကျိတ်ကိုလည်း ပုံမှန်လုပ်ငန်းမှ ဖောက်ပြန်စေသည်။ ခံစားမှုများက သွေးအယဉ်တွင်းသို့ အက်ဒရင်နင် (Adrenin) ဟော်မုန်းဓာတ်ကို ပမာဏ ပိုမြှင့်ထုတ်ပေးရာ အကျိုးများအဖြစ် နှလုံးခုန်နှုန်း မြန်လာသည်။ အသည်းမှ သွေးတွင်းသို့ သကြားဓာတ်တွေ ပိုလွှတ်ပေးလာသည်။ သွေးတိုးနှုန်းလည်း တက်လာပြီး သွေးသည်လည်း အလွယ်ခဲလာသည်။

အကျယ် မချဲ့တော့ပါ။ လူ၌ ခန္ဓာပြင်ပ ပတ်ဝန်းကျင် ရှိသကဲ့သို့ ခန္ဓာအတွင်းပတ်ဝန်းကျင် (internal environment) ရှိသည်။ ထိုဇီဝကမ္မခန္ဓာတွင်း ပတ်ဝန်းကျင်သည် သာမန်အခါ၌ အီကွယ်လီဘရီယင် (equilibrium) ခေါ် ညီညွတ်မျှတခြင်း အခြေအနေ၌ ရှိနေသည်။ ခံစားမှု ပေါ်လာလျှင် ထိုညီညွတ်မျှတမှု ပျက်ပြီး ဖောက်ပြန်သွားသည်။

ထိုသို့ ဇီဝကမ္မဖောက်ပြန်မှုများကြောင့် ရုပ်ခန္ဓာကိုယ်တွင် အနာရောဂါ ဖြစ်ပေါ်သည်။ ထိုရောဂါတွေကို ဆိုင်ကို-ဆိုးမက်တစ် ရောဂါများဟု ခေါ်သည်။ ထိုရောဂါများကို ကုသသော ဆေးပညာကိုလည်း ဆိုင်ကိုး-ဆိုးမက်တစ် ဆေးပညာဟု ခေါ်သည်။

ဆိုင်ကိုး-ဆိုးမက်တစ်ရောဂါနယ်ပယ်တွင် ခံစားမှုများဆီ အစအဖြစ် မြစ်ဖျားခံလိုက်နိုင်သော ရောဂါများသာမက ခံစားမှုများကြောင့် အခြေအနေ ပိုဆိုးနိုင်သော (aggravated) ရောဂါများလည်း ပါဝင်သည်။ ဆိုင်ကိုး-ဆိုးမက်တစ်ရောဂါများကို ကုသ



သောအခါ၌လည်း ရုပ်ပိုင်း ပါနေသောကြောင့် ဥတုကြောင်းဆေး၊ အာဟာရကြောင်းဆေးများကိုလည်း သုံးရပါသည်။ မသုံး မဖြစ်။ ထို့အပြင် စိတ်ကို လိုအပ်သော အလေ့အကျင့်ပေးခြင်း (mental exercises) များ ပြုလုပ်နိုင်းကြသည်။

စိတ်ကြောင်းအခြေခံရှိသော ရောဂါများ ဖြစ်သောကြောင့် စိတ်ကြောင်းကုသရေးကို သုံးရခြင်း ဖြစ်လေသည်။

ခေတ်သစ် ဆေးပညာသိပ္ပံသည် စိတ်ကြောင်းကို လက်ခံခဲ့ပြီးဖြစ်ရာ နောက်တစ်ဆင့် တက်ပြီး ဉာဏ်မျက်စောင်းထိုးကြည့်လိုက်လျှင် ကံကြောင်းကိုပါ တွေ့လေတော့မည်။

မြန်မာလို စိတ်၊ ပါဠိလို စိတ္တ၊ အင်္ဂလိပ်လို မိုင်း(ဒ်)၊ ကွန်းရှက်နက်စ်ဟူသော စကားလုံးသည် သိခြင်းကို ဆိုလိုသည်။ ပုထုဇဉ်လူ၌ သိခြင်းသည် သိကာမတ္တ ဘယ်သောအခါမှမနေ။ သိသည့်ခဏ တစ်ပြိုင်နက်တွင် စိတ်နှင့်ယှဉ်သော အခြားစိတ်သဘာဝတို့လည်း ပေါ်လာသည်။ စိတ်နှင့်အတူ ယှဉ်ပြိုင်ပေါ်သော စိတ်သဘာဝတို့ကို စေတသိက်များဟု ခေါ်သည်။

လူအများ ပြောနေကြသော စိတ်ဟူသည် စေတသိက်များသာ ဖြစ်လေသည်။ ဥပမာ ဒေါသစိတ် ဆိုသည်မှာ ဒေါသစေတသိက် ယှဉ်ဖက်သောစိတ် ဖြစ်လေသည်။ ပါဠိလိုကား ဒေါသမူစိတ်ဟု ခေါ်သည်။ လောဘစိတ် ဆိုသည်မှာလည်း လောဘစေတသိက် ယှဉ်ဖက်သော လောဘမူစိတ် ဖြစ်လေသည်။

ဤကဲ့သို့ စိတ်၌ မှီတွယ်စွဲကပ် ယှဉ်ဖက်ပေါ်သော စေတသိက် အမျိုးပေါင်း ငါးဆယ့်နှစ်ခု ရှိသည်ဟု မြတ်စွာဘုရားက ဟောသည်။

စိတ်ပညာသိပ္ပံကမူ စေတသိက်ဟူသော စကားကို မသုံး။ စေတသိက်များအကြောင်းကိုလည်း ကောင်းစွာ မသိသေး။ သို့ရာတွင် စိတ်အခြေအနေအမျိုးမျိုး mental conditions) ရှိကြောင်းမူ သိကြသည်။

အီမိုးရှင်း ဟူသော ခံစားမှုကား စိတ်အခြေအနေ တစ်မျိုးဖြစ်လေသည်။ အီမိုးရှင်းကို ပြည့်ပြည့်စုံစုံ အနက်အဓိပ္ပာယ်ပေးရန် ဂျာမန်စိတ်ပညာရှင်နှင့် ဇီဝကမ္မဗေဒပညာရှင်ကြီး ဝန်း(တ်) (Wundt) လက်ထက်ကတည်းက ကြိုးစားဖူးသည်။ ယခုတိုင် အများ လက်ခံနိုင်သည့် အနက်အဓိပ္ပာယ် မရကြသေး။

ယေဘုယျအားဖြင့်တော့ အီမိုးရှင်း ဆိုသည်မှာ-

'မိမိ၏ ပတ်ဝန်းကျင်နှင့် အောင်မြင်စွာ ကိုက်ညီနေစွမ်းကင်းမဲ့မှုမှ ပေါ်ထွက်လာသည့် လူ၏ အထွေထွေ ထိခိုက်ဖောက်ပြန်သော အခြေအနေ'ဟု အဓိပ္ပာယ် ဖွင့်ဆိုကြသည်။

လူအများ နားလည်သောစကားနှင့် ဆိုပါမည်။

လိုချင်ရာ မရသောကြောင့် လည်းကောင်း၊ မလိုချင်ရာ ရသောကြောင့် လည်းကောင်း၊ တစ်နည်း ဖြစ်ချင်ရာ မဖြစ်သောကြောင့် လည်းကောင်း၊ မဖြစ်ချင်ရာ ဖြစ်သောကြောင့် လည်းကောင်း ပကတိ သာမန်စိတ်အခြေအနေမှ ပြောင်းလဲ ဖောက်ပြန်သွားခြင်းကို အီမိုးရှင်း (ဝါ) ခံစားမှုဟု ခေါ်သည်။



ဤအဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဒေါသ (Anger)၊ ကြောက်ခြင်း (fear)၊ စိုးရိမ်ပူပန်ခြင်း (anxiety)၊ သောကပရိဒေဝ (sorrow) စသော အကြမ်းစား ခံစားမှုများအတွက် ဆိုလျှင် လုံလောက်ဆီလျော်သည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ပီတိ၊ သဒ္ဓါ စသော အနုစား ခံစားမှုများအတွက်ကား မဆီလျော်၊ မလုံလောက်ထားတော့။

စိတ်ပညာနှင့် စိတ်ကုသရေးပညာတို့က အကြမ်းစား ခံစားမှုများ၌ စိတ်ဝင်စားသည်။ စိတ်ပညာရှုထောင့်က ကြည့်ကြည့်၊ စိတ်ကုသရေးပညာရှုထောင့်ကပဲ ကြည့်ကြည့် အကြမ်းစား ခံစားမှုများက ဂရုစိုက်ဖွယ် ဖြစ်နေသည်။ လူ့စိတ်ကျန်းမာရေး (mental health)၊ ကိုယ်ကျန်းမာရေး၊ လူမှုဆက်ဆံရေးကိစ္စတို့တွင် မကောင်းကျိုးပေးသော ခံစားမှုများ ဖြစ်ကြသောကြောင့် အကြမ်းစား ခံစားမှုများကို ပိုအာရုံစိုက်ကြသည်။ ပိုသုတေသနပြုကြသည်။ ပိုနားလည်ကြသည်။

ဤသို့သော အကြမ်းစား ခံစားမှုများသည် စိတ်ရောဂါများနှင့် ဆိုင်ကိုးဆိုးမက်တစ်ရောဂါများ၏ အကြောင်းဖြစ်သည်ဟုလည်း နားလည်နေကြပြီ။ လူမှုဆက်ဆံရေးနယ်ပယ်၌ မကောင်းကျိုးပေးမှန်း ကောင်းကောင်းနားလည်ကြသည်။ ဤမျှ နားလည်ကြခြင်းအတွက် ကျွန်တော်တို့ ဝမ်းသာကြရသည်။

ခံစားမှုများကို ပါဠိဘာသာဖြင့် ဝေဒနာဟု ခေါ်သည်။ လူ၌ရှိသော ဝေဒနာအများကို မျိုးတူ စုလိုက်သောအခါ ဒေါမနဿ

ဝေဒနာများက တစ်စု၊ သောမနဿဝေဒနာများက တစ်စု၊ ဥပေက္ခာဝေဒနာက တစ်စု ဟူ၍ သုံးစု ရှိသည်။

ဒေါမနဿဝေဒနာ ဆိုသည်မှာ စိတ်ကို မချမ်းသာစေသော ဝေဒနာများ ဖြစ်ကြသည်။ ဝေဒနာ အကြမ်းစားများတည်း။ သောမနဿဝေဒနာ ဆိုသည်မှာ စိတ်ကို ချမ်းသာစေသော ဝေဒနာများ ဖြစ်ကြ၏။ အနုစားဝေဒနာများတည်း။ ဥပေက္ခာဝေဒနာကား သုခလည်း မဟုတ်၊ ဒုက္ခလည်း မဟုတ်သည့် (indiffrence, equanimity) ဟု အင်္ဂလိပ်ဘာသာနှင့် ခေါ်သော သဘောရှိသော ဝေဒနာ ဖြစ်သည်။

ဒေါမနဿဝေဒနာများသည် စိတ်၏ ငြိမ်းချမ်းမှု၊ အေးမြမှု၊ ကြည်လင်မှု၊ တည်ငြိမ်မှု၊ ဖြူစင်မှု၊ မြင့်မြတ်မှုတို့ကို အလွန်သိသာထင်ရှားစွာ ဖျက်ဆီး စီရင်သော ဝေဒနာများ ဖြစ်ကြသည်။ ဆိုင်ကိုး-ဆိုးမက်တစ်ရောဂါများ ဖြစ်ပေါ်စေသည်အထိ ဖျက်ဆီးစီရင်သည့် ဝေဒနာများ ဖြစ်ကြသည်။

ဝေဒနာ ဆိုသည်မှာ စေတသိက်ပင် ဖြစ်လေသည်။ စိတ်သက်သက်သည် စေတသိက်နှင့် ယှဉ်လာပါမှ ကောင်းခြင်း၊ ဆိုးခြင်း၊ ကြမ်းခြင်း၊ နုခြင်း၊ နောက်ခြင်း၊ ကြည်ခြင်း၊ တက်ခြင်း၊ ကျခြင်း၊ ယုတ်ခြင်း၊ မြတ်ခြင်းတို့ ဖြစ်လာသည်။

စေတနာဟု ခေါ်သော စေတသိက်လည်း ရှိသေးသည်။ စေတနာကို 'မိမိနှင့် အတူနေတရားတို့ကို စေ့ဆော်တိုက်တွန်းခြင်းသဘော'ဟု အဓိပ္ပာယ်ပေးသည်။ (ပဏ္ဍိတဝေဒနီယကျမ်းကို ရှုပါ။)



အကျယ် မချဲ့တော့ပါ။ ဝေဒနာ၊ စေတနာ စသော စေတသိက်တို့က စိတ်ကို အခြေအနေအမျိုးမျိုး ဖြစ်အောင် ပြုပြင်စီရင်ကြသည်။ ထို့ကြောင့်လည်း စေတသိက်တို့ဖြင့် ဖြစ်ပေါ်နေသော စိတ်အခြေအနေကို အင်္ဂလိပ်-ပါဠိပညာရှင်တွေက မင်တယ်(လ်)ကွန်ဒစ်ရှင်း (mental condition) ဟု ဘာသာပြန်သည်။ စိတ်အခြေအနေအမျိုးမျိုးကို ဖြစ်စေသော သဘောကို သင်္ခါရဟု ခေါ်သည်။ Sankharao ဟူသော ပါဠိစကားကို-

constructing, preparing, perfeeting, embellishing, aggregation, karma ဟု အင်္ဂလိပ်လို ဘာသာပြန်သည်။

မြန်မာလိုတော့ တည်ဆောက်ခြင်း၊ ပြင်ဆင်ပေးခြင်း၊ ကိစ္စပြီးပြည့်စုံခြင်း၊ တန်ဆာဆင်ခြင်း၊ အပေါင်းအစု၊ ကံတရားဟု အဓိပ္ပာယ်ရသည်။

စိတ်ကို မသင့်မတင့် တန်ဆာဆင်လျှင် မသင့်မတင့်သော စိတ် ဖြစ်မည်။ သင့်တင့်အောင် တန်ဆာဆင်လျှင် သင့်တင့်သောစိတ် ဖြစ်မည်။

သင့်တင့်သောစိတ် ဆိုသည်မှာ သောဘဏစေတသိက်ခေါ် တင့်တယ်သော စေတသိက်တို့က ပြုပြင်စီရင်ထားသော သိမ်မွေ့နူးညံ့သော ဝေဒနာ ပြဋ္ဌာန်းနေသည့်စိတ် ဖြစ်လေသည်။ မသင့်မတင့်သောစိတ် ဆိုသည်မှာ အသောဘဏ စေတသိက်ခေါ် မတင့်တယ်သော စေတသိက်တို့က ပြုပြင်စီရင်ထားသော ကြမ်းတမ်းသော ဝေဒနာ ပြဋ္ဌာန်းနေသည့်စိတ် ဖြစ်လေသည်။

စိတ်အခြေအနေ (mental condition) ကိုပင် mental state ဟု ခေါ်သေးသည်။ မြန်မာလိုတော့ မထူးပြီ။ စိတ်အခြေအနေပင်။

ပါဠိပညာရှင်ကြီး ချီး(လ်)ဒါးစ်က-

'By sankhara (pl.), or Aggregations, as a link of the paticeasamup pada, is meant the aggregate of those states of mind which bring about the performance of good and bad actions. Practically it is identical with Karme....'

'ခန္ဓာသည် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်၏ ကွင်းဆက်တစ်ခုအဖြစ် ဆိုလျှင် ကောင်းသော အပြုအမူ သို့မဟုတ် မကောင်းသော အပြုအမူတို့ကို ဖြစ်ပေါ်စေသည့် စိတ်အခြေအနေ အစုအပေါင်းကို ဆိုလိုသည်။ လက်တွေ့သဘောအားဖြင့် ထိုစကားသည် ကမ္မဟူသော စကားနှင့် အတူတူပင် ဖြစ်လေသည်' ဟု ရှင်းပြသည်။

မင်တယ်(လ်) ကွန်ဒစ်ရှင်းဟုပဲ ခေါ်ခေါ်၊ မင်တယ်(လ်) စတိတ်ဟုပဲ ခေါ်ခေါ်၊ စိတ် (mind) ၏ ယှဉ်ဖက် ဖြစ်ပျက်စဉ်များ (concomitances) ဟုပဲ ခေါ်ခေါ်၊ စေတသိက်များဟုပဲ ခေါ်ခေါ် သူတို့၏ကိစ္စ (function) ကား ပြုပြင်စီရင်ခြင်း ဖြစ်သည်။ သင်္ခါရ ဖြစ်သည်။ ကမ္မ ဖြစ်သည်။

ခေတ်စိတ်ပညာနှင့် စိတ်ကုသရေးပညာတို့သည် စိတ်ပြုပြင်စီရင်ခြင်းတွေကို အတန်ပင် သိရှိနေကြပြီ။ ယင်းပညာများ



သည် လူ့စိတ်၏ conflict နှင့် frustration ကို ယှဉ်တွဲပြီး အလေးအနက်ပြု လေ့လာကြ၊ သုတေသနပြုကြသည်။ ကွန်ဖလစ် ဆိုသည်မှာ ပဋိပက္ခကို ဆိုလိုသည်။

စိတ်ပညာတွင်တော့ ကွန်ဖလစ် ဆိုသည်မှာ-

'emotional disturbance resulting from a clash of impulses (motives) in a person'

'လူတစ်ဦး၏စိတ်တွင်း၌ ဆန္ဒလိုအင်ချင်း ပဋိပက္ခ ဖြစ်ရာမှ ပေါ်ပေါက်လာသည့် ခံစားမှု လှုပ်ရှားဖောက်ပြန်ခြင်း' ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ ဥပမာ စာကျက်လိုခြင်းနှင့် ကစားလိုခြင်း၊ မိဘအလိုကျ ပြုလိုခြင်းနှင့် ကိုယ့်ချစ်သူ ကိုယ် ယူလိုခြင်း၊ အမြတ် ရလိုခြင်းနှင့် ရှုံးမှာ ကြောက်ခြင်း၊ ကိုယ့်တစ်ဦးတည်း ထင်ရာ လုပ်ခြင်းနှင့် လူ့ဘောင်စည်းကမ်းကို မလွန်ဆန်ရဲခြင်း စသည်တို့ကား စိတ်တွင်း ပဋိပက္ခများ ဖြစ်ကြသည်။ ထိုသို့သော ပဋိပက္ခ ဖြစ်လျှင် စိတ်တွေဘာဖြစ်သည်ကို လူတိုင်း သိသည်။

ဖရက်စရေးရှင်း ဆိုသည်မှာ လူသည် စိတ်အလိုပြည့်ရန် ကြိုးစားရာ၌ မအောင်မမြင်ဖြစ်ခြင်းကို ခေါ်သည်။ ထိုသို့ မအောင်မမြင် ဖြစ်သောအခါ၌လည်း လူ့စိတ်တွင်း၌ ခံစားမှုတို့ လှုပ်ရှားဖောက်ပြန်လာသည်။

တံခါးချက် ဖွင့်မရသောကြောင့် မှန်တံခါးကို ခြေနှင့် ဆောင့်ကန်ခြင်း၊ လင်နှင့် စိတ်ဆိုးသောကြောင့် ကလေးကို ရိုက်ခြင်း၊ ချစ်သူနှင့် မရသောကြောင့် ကိုယ့်ခေါင်းကို တိုင်နှင့် ဆောင့်

ခြင်း၊ ဘောလုံး အနိုင်မလုနိုင်သောကြောင့် လူကို ချခြင်း၊ ကုန်ရှုံးသောကြောင့် အရက်မူးအောင် သောက်ခြင်း စသည်များသည် ဆန္ဒမပြည့်သဖြင့် ပေါ်လာသော ခံစားမှုများကြောင့် လုပ်မိလုပ်ရာ လုပ်ခြင်းများ ဖြစ်လေသည်။

(အီမိုးရှင်း အဓိပ္ပာယ် ဖွင့်ဆိုချက်ကို ပြန်ရှုပါ။)

စိတ်ပညာနှင့် စိတ်ကုသရေးပညာတို့က (frustration tolerance) သဘောကို အားပေးထောက်ခံကြသည်။ ထိုစကားကို တိုက်ရိုက်ဘာသာပြန်လျှင် အလိုမပြည့်မှုကို သည်းခံခြင်းဟု အဓိပ္ပာယ်ရသည်။ အနှစ်အသား အဓိပ္ပာယ်ကား အလိုမပြည့်မှုမှ ထွက်ပေါ်လာသော ခံစားမှုများကို နှိမ်နင်းထိန်းသိမ်းခြင်းဟူ၍ ဖြစ်သည်။ သည်းခံနိုင်ခြင်း၊ မတုန်လှုပ်ခြင်း၊ စိတ်တည်ငြိမ်ခြင်းတို့ကို ဆိုလိုသည်။

ကွန်ဖလစ်နှင့် ဖရက်စရေးရှင်းတို့က လူ၌ ဆန္ဒလိုအင် (motives) များနှင့် ခံစားမှုတို့ တွဲမှီယှဉ်ဖက်နေကြောင်း ပြသည်။

လူ၏ ကိုယ်အပြုအမူ၊ နှုတ်အပြုအမူ၊ စိတ်အပြုအမူတည်းဟူသော အပြုအမူ (behaviour) အားလုံးသည် ဆန္ဒလိုအင်များကြောင့် ဖြစ်ပေါ်ရသည်။ ဆန္ဒလိုအင်သည် သူ့ချည်းသက်သက်မပေါ်။ လိုချင်ပြီဟေ့ဆိုလျှင် ခံစားမှုနှင့်။ လိုချင်တာ ရပြန်တော့လည်း ခံစားမှုနှင့်။ လိုချင်တာ မရပြန်တော့လည်း ခံစားမှုနှင့်။ ဤသဘာဝတို့သည် ယနေ့ သိပ္ပံပညာ၏ အချက်အလက် (ဝါ) ဒေးတာများ ဖြစ်နေပြီ။



ကြမ်းသော၊ ပြင်းထန်သော ဆန္ဒလိုအင်များ (strong motives) များက ကြမ်းသော၊ ပြင်းထန်သော ခံစားမှုများ (strong emotions) ကို ဖြစ်ပေါ်စေသည်။ ပြင်းထန်သော ခံစားမှုများက ဇီဝကမ္မ ပြောင်းလဲမှုများကို ဖြစ်ပေါ်စေသည်။ ဇီဝကမ္မ ပြောင်းလဲဖောက်ပြန်မှုများက ဆိုင်ကိုးဆိုးမက်တစ်ရောဂါများကို ဖြစ်ပေါ်စေပြန်သည်။

နူးညံ့သော၊ သိမ်မွေ့သော ခံစားမှုများကမူ ရောဂါမဖြစ်စေရုံမက ရောဂါဖြစ်နေသူ ပျောက်ကင်းအောင်၊ သက်သာအောင်၊ ကြမ်းသော၊ ပြင်းထန်သော ခံစားမှုများ နေရာတွင် နူးညံ့သော၊ သိမ်မွေ့သော ခံစားမှုများ ဝင်လာရန် လေ့ကျင့်ပေးရသည်။

လူအများအတွက်လည်း စိတ်ကျန်းမာရေး ကောင်းမွန်ရန် အလိုမပြည့်မှုကို သည်းခံနိုင်စွမ်းကြီးရန် လေ့ကျင့်ပေးရသည်။

တစ်ဖက်တွင် လောဘ၊ ဒေါသ၊ အမုန်း၊ အကြောက်၊ စိုးရိမ်ပူပန်ခြင်းနှင့် ယင်းတို့ကို တွဲမှီယှဉ်ဖက်နေသော တရား (ဝါ) ဖြစ်ပျက်မှုအစဉ်များ။ တစ်ဖက်တွင် အလောဘ၊ အဒေါသ၊ သဒ္ဓါ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ပီတိတို့နှင့် ယင်းတို့ကို တွဲမှီယှဉ်ဖက်နေသော တရား (ဝါ) ဖြစ်ပျက်မှုအစဉ်များ။

သည်အတိုင်း ကြည့်လျှင် စိတ်ကြောင်း ထင်ရှားနေသည်။ ဉာဏ်မျက်စောင်းထိုးကြည့်ပြီး ယုတ္တိဗေဒအမြင် တစ်ဆင့်တက်လိုက်လျှင် ကံကြောင်းကို တွေ့မည်။

❑

## ( ၈ )

ကံ ဟူသော စကားကို ကြားလိုက်လျှင် ဗုဒ္ဓဘာသာ အများစုပင်လျှင် ဟိုဘဝ၊ သည်ဘဝ၊ ရှေးဘဝ၊ ယခုဘဝ၊ နောက်ဘဝ စသည်တွေကို ပြေးမြင်သည်။ အနောက်နိုင်ငံသားတွေ ဆိုလျှင် သူတို့ နားလည်ထားကြသော ဖိတ်(တ်) (fate) တို့၊ ဒက်စတီနီ (destiny) တို့၊ ဖော်ချင် (fortune) တို့ကို ပြေးမြင်ကြသည်။ သူတို့ သဘောတွေက ဉာဏ်ဖြင့် အဓိပ္ပာယ် ဖွင့်ဆိုမရ၊ ဖွင့်ဆိုလည်း မဖွင့်ဆိုသော ထူးဆန်း၍ ဘယ်သို့ဘယ်ပုံ ဖြစ်မှန်း မသိနိုင်သည့် တန်ခိုးအရှိန်အစော် တစ်မျိုးသာ ဖြစ်နေသည်။ ဉာဏ်ဖြင့် မဖွင့်ဆိုနိုင်သောအခါ ထိုသဘောသည် သဘာဝလွန်တန်ခိုးရှင် (super natural power) တစ်ဦးဦး၏ စီမံချက်လိုလို၊ နက်ဆက်စတီ (necessity) ခေါ် စကားအဖြစ်သာ ပြောရသော်လည်း ဘာမှန်း



မသိသည့် အင်အားတစ်ခုလိုလို ယူဆ ယုံကြည်ထားကြသည်။ သည်လို ဖြစ်တာက သည်လို ဖြစ်ကို ဖြစ်ရမည်၊ အခြားဖြစ်နည်း မရှိ။ မရှောင်နိုင်၊ မလွှဲနိုင် သည်လို သည်လိုသာ။ အဲသည် မသိနိုင်သော သဘော (mystery) က ဖိတ်(တ်)၊ ဒက်စတနီ၊ ဖော်ချင်။

စကားအဖြစ်သာ ပြောပြီး ဘာမှန်းမှ မသိနိုင်သော သဘောကို သိပ္ပံပညာတွေက မယုံနိုင်သည်မှာ မဆန်းပါ။ သိပ္ပံပညာနယ်မှ လူများကိုလည်း အပြစ်မတင်သာပါ။

ကံသည် မသိနိုင်သော သဘော မဟုတ်။ ကံ၌ ဘာဝနာမယဉာဏ်ဖြင့်သာ သိနိုင်သော သိမ်မွေ့နက်ရှိုင်းလှသဖြင့် ထူးဆန်းသည့် သဘောတွေ ပါဝင်နေသည်မှာ မှန်၏။ သို့ရာတွင် ကံ၌ လူ့ဉာဏ်မီနိုင်သော သဘောတွေ ထင်ရှားရှိလေသည်။ မဟာကရုဏာဖြင့် လူသားတို့အား လမ်းမှန်ပြတော်မူသော မြတ်စွာဘုရားသည် လူ့ဉာဏ်မမီနိုင်သော တရားကို မဟော။ စိတ်ချ။

ကံကို သင်္ခါရ ခေါ် ပြုပြင်ခြင်းအဖြစ် နားလည်လျှင် ကံသဘောကို လူ့အတိုင်းအတာနှင့် လူ နားလည်နိုင်သည်။ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ အရိယာများလောက် နားလည်မည်ဟု မဆိုလို။ လူ့အတိုင်းအတာနှင့် လူ နားလည်နိုင်သည်။

သင်္ခါရ ခေါ် ပြုပြင်ခြင်းကို သမိုင်းမှာ တွေ့နိုင်သည်။ လက်ရှိ ကမ္ဘာမှာ တွေ့နိုင်သည်။ ဓာတ်ခွဲခန်းထဲမှာ တွေ့နိုင်သည်။ တက်(စ်)ကျူ(ဗ်) (test tube) တွင်းမှာ တွေ့နိုင်သည်။ ဆဲ(လ်)

တွေတွင်းမှာ တွေ့နိုင်သည်။ စကြဝဠာတွင်းမှာ တွေ့နိုင်သည်။ အဏုမြူတွင်းမှာ တွေ့နိုင်သည်။ မျက်လုံးအကြည်၊ နားအကြည်စသော အကြည်ဓာတ်တွေတွင် တွေ့နိုင်သည်။ စိတ်အတွင်းမှာ တွေ့နိုင်သည်။

သိပ္ပံပညာသည် အဏုမြူအစ စကြဝဠာအဆုံး သင်္ခါရလောကတွင်းမှ ပြုပြင်မှုများကို လေ့လာပြီး သင်္ခါရအစဉ်မှ ဓမ္မတာများကို ဖော်ထုတ်လျက် သိပ္ပံနိယာမ အတော်များများကို သိရုံမက ထိန်းချုပ်ခြင်း၊ အသုံးပြုခြင်းတို့ကို လုပ်နေပြီ။

စိတ်၏ သင်္ခါရများဆီသာ သိပ္ပံပညာက အာရုံပြုသင့်သမျှ မပြုသေး။

ကံအကြောင်း ပြောလျှင် ကုသိုလ်ကံ၊ အကုသိုလ်ကံ ဟူသော စကားကို သတိရကြမည်။ ကုသိုလ်ကံကို ပုညာဘိသင်္ခါရဟု ခေါ်ပြီး အကုသိုလ်ကံကို အပုညာဘိသင်္ခါရဟု ခေါ်သည်။

ပုည (ponna) ကို good, virtuous, just, righteous, meritorious, pure, holy ဟု အင်္ဂလိပ်ဘာသာဖြင့် အဓိပ္ပာယ်တွေ ပေးသည်။ ကောင်းသော၊ မှန်ကန်သော၊ တရားသော၊ ဖြောင့်မတ်သော၊ ချီးမွမ်းနှစ်လိုဖွယ်သော၊ စင်ကြယ်သော၊ မြင့်မြတ်သောဟု မြန်မာလို ဘာသာပြန်သည်။ အပုညသည် ပုည၏ ဆန့်ကျင်ဘက် အဓိပ္ပာယ်တွေ ရှိသည်။



ကောင်း-ဆိုး၊ မြတ်-ယုတ် တန်ဖိုးဖြတ် အဓိပ္ပာယ်တွေ ပါနေသော စကားတွေ ဖြစ်သောကြောင့် သိပ္ပံပညာရှင်တွေ သုံးရမည်ကို ဝန်လေးကြမည် မှန်၏။

သို့ရာတွင် စကားတွေ ဘယ်က လာသနည်း။

ရှိနေသော၊ ဖြစ်နေသော သဘောတွေ၊ အရာတွေမှ လာသည်။

ဗုဒ္ဓဘာသာဝင်တွေပဲ ဖြစ်ဖြစ်၊ အခြား ဘာသာဝင်တွေပဲ ဖြစ်ဖြစ်၊ ဘယ်ဘာသာမှ မကိုးကွယ်သူပဲ ဖြစ်ဖြစ် လူ့အတွေး၊ လူ့အပြော၊ လူ့အလုပ်တို့၌ ပုညသဘော၊ အပုညသဘောတွေ ရှိကြောင်း သိကြသည်။ မိမိတို့ စကားအသီးသီးဖြင့် နာမည်ပေးထားပြီး ဆောင်စရာ၊ ရှောင်စရာတွေအဖြစ် မှတ်ထားကြသည်။

(ဆောင်နိုင်သည်၊ မဆောင်နိုင်သည်၊ ရှောင်နိုင်သည်၊ မရှောင်နိုင်သည်က တစ်ကိစ္စ။)

ရှိနေသည်။ လောကမှာ ရှိနေသည်။

သိပ္ပံပညာသည် လောက၌ ရှိနေသော ပုညသဘော၊ အပုညသဘောတို့ကို အသိအမှတ်ပြုပြီး တည့်တည့်ရှု လေ့လာသင့်ချိန်တန်ပြီ။

လောက၌ ဖြစ်စဉ်မှန်သမျှတို့သည် မီးဒီယင် (medium) ခေါ် ဖြစ်ခြင်းမြောက်စေသည့် ဖြစ်ရာဖြစ်ကြောင်း ရှိကြသည်။

ဖြစ်ရာဖြစ်ကြောင်းအလိုက် ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရတို့ကို ကာယကံ၊ ဝစီကံ၊ မနောကံဟု ခွဲခြားခေါ်သည်။

ဤဆောင်းပါး၏ အထက်တစ်နေရာ၌ ဆေးသိပ္ပံပညာသည် စိတ်အကြောင်းကို အသိအမှတ်ပြုခဲ့ပြီဖြစ်ရာ ဉာဏ်မျက်စောင်း တစ်ချက်သာ ထိုးကြည့်လျှင် ကံအကြောင်းကို တွေ့တော့မည်ဟု ကျွန်တော် ဆိုခဲ့သည်။

စေတနာလျှင် ကံဟု အချုပ်ဆိုလေရာ ကံသင်္ခါရတို့သည် စေတနာ (ဝါ) စေ့ဆော်တိုက်တွန်းခြင်းဟူသည့် စိတ်သင်္ခါရမှ အဦးအစ ဖြစ်ပေါ်သည်။ စေတနာသည် စေတသိက်တစ်ခုပင် ဖြစ်သည်။

စိတ်တစ်ခု ဖြစ်ပေါ်လျှင် တစ်ပြိုင်နက် ယှဉ်ဖက်လျက် စေတသိက်တို့ ဖြစ်ပေါ်ကြောင်း ဆိုခဲ့ပြီ။ အလုံးစုံသော စိတ်မှန်သမျှ တွင် မပျက်မကွက် မလွဲမသွေ ပါသော စေတသိက်တို့ကို သဗ္ဗစိတ္တသာဓာရဏ စေတသိက်များဟု ခေါ်သည်။ အလုံးစုံသော စိတ်တို့နှင့် ဆက်ဆံသော စေတသိက်များဟု အဓိပ္ပာယ်ရသည်။ အင်္ဂလိပ်လို common mental concomitances ဟု ဆိုရမည်။ သဗ္ဗစိတ္တသာဓာရဏ စေတသိက်ပေါင်း ခုနစ်မျိုး ရှိရာ ဤဆောင်းပါးနှင့်ဆိုင်သမျှ စေတသိက်များကား-

ဖဿ (mental touch, contact, or impression)၊

ဝေဒနာ (sensation)၊



သညာ (perception), intellect, thought)၊

စေတနာ (thought, intention) တို့ ဖြစ်ကြသည်။

အဲသည်ကမှ ဣဋ္ဌ၊ အနိဋ္ဌ (ကောင်း၊ ဆိုး)၊ သုခ၊ ဒုက္ခ၊ လိုချင်ခြင်း၊ မလိုချင်ခြင်း၊ ချစ်ခြင်း၊ မုန်းခြင်း စသည် စသည်ဖြင့် ချိန်း(န်)ရီအက်ရှင်း (chain reaction) ခေါ် ထပ်ဆင့်သင်္ခါရ (ဝါ) ပြုပြင်မှုတွေ ဖြစ်သွားပြီး နောက်ဆုံး၌ ကုသိုလ်ကံ၊ အကုသိုလ် ကံတွေ ဖြစ်လာကြသည်။

အထက် ဆိုခဲ့သော စေတသိက်တို့အနက် စေတနာသည် အာရုံ၌ သမ္ပယုတ်တရားတို့ကို စေ့ဆော်သည်။ မသင့်မတင့် နှလုံးသွင်းမိလျှင် လျော်ရာလျော်ရာ အကုသိုလ် စေတသိက်တွေ ယှဉ်လာရန် စေ့ဆော်တိုက်တွန်း ပြုပြင်သည်။ ခေတ်စိတ်ပညာက ခေါ်သော မိုတီဗေးရှင်း (motivation) ခေါ် အတွင်းလှုံ့ဆော်မှုသည် စေတနာ သဘောတွင်း၌ အကျုံးဝင်သည်။

ခေတ်စိတ်ပညာ၊ ခေတ်စိတ်ကုသရေး ပညာရေးတွေက လည်း မိုတီဗေးရှင်းကို အထူးအလေးအနက် ဂရုပြု အာရုံစိုက် သည်။ မစိုက်၍ မဖြစ်၊ မိုတီဗိတ် (motivate) ဆိုသော စကား ကိုယ်၌က မောင်းသည်၊ နှင်သည်၊ တွန်းအားပေးသည်၊ အပြုအမူ (action) တွေကို ဖြစ်ပေါ်စေသည်ဟု အဓိပ္ပာယ်ရှိသည်။

တစ်နည်း ဆိုရလျှင် မိုတီဗိတ် ဆိုသော စကားမှာ အပြုအမူတွေ၊ အပြောအဆိုတွေ၊ အတွေးအကြံတွေအတွက် အကြောင်းပြ

စကား ဖြစ်လေသည်။ သာမန်လူတွေက အကျိုးတစ်ခုအတွက် အကြောင်းတစ်ခုတည်း ရှိမည် ထင်သော်လည်း ဗုဒ္ဓတရားတော်နှင့် သိပ္ပံပညာက ဤအယူမျိုးကို ပယ်သည်။ များစွာသော အကြောင်း အပေါင်းတို့ ယှဉ်တွဲပြုပြင်စီရင်ခြင်း သဘောကိုသာ လက်ခံသည်။

ဤသို့ ယှဉ်တွဲပြုပြင်စီရင်ခြင်းကား သင်္ခါရပေတည်း။ စေတနာ စေတသိက်သည် သမ္ပယုတ်တရားတို့နှင့် (ဝါ) concomitances များနှင့် ယှဉ်တွဲပြုပြင်စီရင်သည်။

ဤသည်ကိုပင် ကုသိုလ် စေတနာ၊ အကုသိုလ်စေတနာဟု ခေါ်သည်။ ဤသည်ကိုပင် ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရဟု အပြည့်အစုံဆုံးသော အဓိပ္ပာယ်ဖြင့် ပြောသည်။

ကျွန်တော် ထင်သည်။ စကားလုံးတွေကို အထင်မှား၊ အမြင်မှား ဖြစ်နေကြသည်မှာ များသောအားဖြင့် စကားလုံးတို့၏ အဓိပ္ပာယ်စစ်၊ အဓိပ္ပာယ်မှန်ကို ဝေဝါးထွေပြားနေကြသောကြောင့် ဖြစ်သည်။

ကံအကြောင်းကို စိတ်အကြောင်းနှင့် ဆီဆီလျော်လျော် ဆက်ဆက်စပ်စပ် စေ့စေ့မြေ့မြေ့ ယှဉ်တွဲ မဆင်ခြင်လျှင် ကံ အကြောင်းဟူသည်… မသိနိုင်၊ မသိအပ်သော ထူးထူးဆန်းဆန်း သဘောကြီး ဖြစ်နေလိမ့်မည်။

ဤသို့ ဆိုလျှင် ကုသိုလ်ကံ၊ အကုသိုလ်ကံကို ဘယ်သို့လျှင် ဘဝင်ကျကျ လက်ခံ ယုံကြည်ပါမည်နည်း။



ဤသို့ မယုံကြည်လျှင် လူတို့ကို အကုသိုလ် ရှောင်၍ ကုသိုလ် ဆောင်ကြရန် မည်သို့ တွန်းအားပေးနိုင်ပါမည်နည်း။ ကုသိုလ်ကို မဆောင်၊ အကုသိုလ်ကိုလည်း မရှောင်ကြလျှင် ဤကမ္ဘာ ဘာဖြစ် သွားမည်နည်း။

ပြောသာ ပြောရသည်၊ ကံကို ယုံပါသည် ဆိုသော သာမန် ပုထုဇဉ်များပင် ကံသဘောကို သံသယရှိနေကြသည်။

သံသယ (samsaya) ကို doubt ဟု အင်္ဂလိပ်လို ဘာသာပြန်သည်။ မြန်မာလိုတော့ ယုံမှားခြင်းဟု ခေါ်သည်။ တစ်ဖန် ဝိစိကိစ္ဆာ (vicikiccha) ဟူသော စကားလည်း ရှိသေးသည်။ ဝိစိကိစ္ဆာကို doubt, uncertainty ဟုပင် အင်္ဂလိပ်လို ဘာသာပြန်သည်။ ယုံမှားခြင်း၊ မဝေခွဲ မဆုံးဖြတ်နိုင်ခြင်း (ဝါ) မသေချာ၊ မရေရာခြင်းဟု မြန်မာလို အဓိပ္ပာယ်ရှိသည်။

သတ္တဝါတို့၏စိတ်ကို အလွန်သိတော်မူသော မြတ်စွာဘုရား က ပုထုဇဉ်တို့၌ ယုံမှားခြင်း ဆယ့်ခြောက်ပါး လည်းကောင်း၊ ရှစ်ပါး လည်းကောင်း ရှိကြောင်း အသေးစိတ် ဟောကြားတော် မူခဲ့သည်။

ဆိုင်သမျှ ဖော်ပြရသော် ယုံမှားခြင်း ရှစ်ပါး၌ ပုဗ္ဗန္တ ခေါ် သံသရာ၏ ရှေ့စွန်း၌ ယုံမှားခြင်း၊ အပရန္တ ခေါ် သံသရာ၏ နောက်စွန်း၌ ယုံမှားခြင်း၊ ပုဗ္ဗန္တာပရန္တ ခေါ် သံသရာ၏ ရှေ့ နောက်စွန်း၌ ယုံမှားခြင်း ဟူ၍ ယုံမှားခြင်း (ဝါ) သံသယ သုံးမျိုး ရှိသည်။ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ယုံမှားခြင်းများဟု ခေါ်သည်။

တစ်နည်း ဆိုရလျှင် ကံနှင့် ကံ၏အကျိုးတို့ကို ယုံမှားသံသယရှိကြခြင်း ဖြစ်လေသည်။

သြော်... မြတ်စွာဘုရားသခင် သိတော်မူလေစွ။

ကျွန်တော်တို့ ပုထုဇဉ် အားလုံးက သံသယကြီးတွေ တန်းလန်းနှင့် နေသည်။ မဝေခွဲ၊ မဆုံးဖြတ်နိုင်သော မရေမရာ အဖြစ်ကြီးနှင့် နေသည်။ မြတ်စွာဘုရား လက်ညှိုးတော် ထိုးပြထားသော ဤသဘာဝတွေကို သိသောကြောင့် ပုထုဇဉ်တွေကို အပြစ်တင်ရန်လည်း ခက်သည်။

မသိသေးလျှင် သိအောင် ကြိုးစား။ ဤသို့မူ တိုက်တွန်းလိုသည်။

ရှေးဘဝ၊ နောက်ဘဝတို့အကြောင်း ပုထုဇဉ်သည် ဉာဏ်မမီနိုင်၊ သည်တော့ ထား။

ပစ္စုပ္ပန် (ဝါ) ယခုဘဝမှ ကံသံခါရတွေကို ဉာဏ်ကလေးသာ စိုက်လျက် ဂရုပြု ဆင်ခြင်လျှင် အထက်၌ ဆိုခဲ့သကဲ့သို့ လူ့အတိုင်းအတာနှင့် လူ နားလည်လာနိုင်သည်။

ဥတုသံခါရ၊ အာဟာရသံခါရ၊ စိတ်သံခါရတို့ကို နားလည်သကဲ့သို့ ကံသံခါရကိုလည်း နားလည်လာနိုင်သည်။

ကြောက်လန့်ခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ ဒေါသအမျက်၊ မုန်းတီးခြင်း၊ စိတ်ဝိရောဓိ၊ စိတ်ပဋိပက္ခ၊ စိတ်အလိုမပြည့်ခြင်း၊ စိတ်ကျခြင်း ဆိုသည့် အသောဘဏစိတ်အခြေအနေတွေက ရောဂါတွေ ဖြစ်စေသည်။ ဘာကြောင့်နည်း။ အဖြေကား အပုညာဘိသံခါရ ဖြစ်လာ



သောကြောင့်။ သက်သေ ဘယ်မှာနည်းဟု မေးလျှင် ရောဂါဖြစ်ခြင်း ပင်လျှင် သက်သေ။

ခွင့်လွှတ်သည်းခံခြင်း၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ စိတ်တည်ကြည်ခြင်း၊ စိတ်အေးငြိမ်းခြင်း စသော သောဘဏစိတ်အခြေအနေတွေက ဘာရောဂါမှ မဖြစ်စေနိုင်။ ဘာကြောင့်နည်း။ အဖြေကား ပုညာဘိသံခါရ ဖြစ်လေသောကြောင့်။ သက်သေလိုပါသလား။

သူရို နိုင်ငံများတွင် ဆိုင်ကိုဆိုးမက်တစ်ရောဂါများကို ကုသရာ၌ ဆေးဝါးများအပြင် စိတ်အလေ့အကျင့် (mental exercise) များကို ကုထုံးအဖြစ် ထင်ထင်ရှားရှား သုံးနေကြပြီ။ ဥပမာ နှလုံးရောဂါရှင်များ၊ သွေးတိုးရောဂါရှင်များကို ပေးသော စိတ်လေ့ကျင့်ခန်းများမှာ သူတို့ စိတ်ပညာရှင်များ တီထွင်ထားသော လေ့ကျင့်ခန်းများ ဖြစ်သည်။ အချို့ကား အရှေ့တိုင်းမှ ကမ္မဋ္ဌာန်းများ ဖြစ်ကြသည်။

ကမ္မဋ္ဌာန်းနှင့်တကွ စိတ်ကြည်လင်ရန်၊ ဖြူစင်ရန်၊ တည်ကြည်ရန်၊ အေးချမ်းရန် ပြုလုပ်သော စိတ်အလေ့အကျင့်မှန်သမျှသည် ပုညာဘိသံခါရ ဖြစ်သည်။

**စိတ်ကုသနည်းဟု သူရို ထင်နေကြသည်မှာ ကံကုသနည်းပင် ဖြစ်ကြောင်း သူရို သဘောမပေါက်ကြသေးသည်သာ ရှိသည်။**

ဤမျှဆိုလျှင် ရောဂါနှင့် ကံအကြောင်း၊ ကျန်းမာခြင်းနှင့် ကံအကြောင်းတို့ ဆက်သွယ်မှု သဲလွန်စကို ဉာဏ်မီကြမည် ထင်ပါ၏။

အအိုင်ဒီအက်စ်ရောဂါနှင့် ကံအကြောင်းကား ပိုသိမ်မွေ့သောကြောင့် ပိုဉာဏ်စိုက် ဆက်သွယ်ကြည့်ရပါမည်။

ဆိုင်ကိုဆိုးမက်တစ်ရောဂါများတွင် စိတ်ခံစားမှုများနှင့် ယင်းခံစားမှုကြောင့် ယှဉ်ပြိုင်ဖြစ်ပေါ်လာသော ဇီဝကမ္မ ပြုပြင်ပြောင်းလဲမှုများ ထင်ရှားရှိသည်။ ဆက်သွယ်မှုကို အထင်အရှား ပြဋ္ဌန်သည့် ရုပ်သန္တတိ ခေါ် ပသာဒအကြည်ဖြင့် အလွယ်တွေ့နိုင်သည့် ဆက်သွယ်မှုအစဉ် ရှိသည်။

အအိုင်ဒီအိုင်အက်စ်ရောဂါ၌ကား တစ်ဖက်စွန်းတွင်က အဓမ္မရာဂ အပြုအမူ။ အဲသည် အပြုအမူနှင့် ယှဉ်ပြိုင် ဖြစ်ပေါ်လာသော ဇီဝကမ္မ ပြုပြင်ပြောင်းလဲမှုများ၊ ဖောက်ပြန်မှုများကြောင့် ရောဂါ ဖြစ်လာသည် မဟုတ်။ ရောဂါဖြစ်လာသည်မှာ ဟုတ်(စ်) (host) ခေါ် ရောဂါရှင်၏ အပြင်အပမှ လာသည့် အေးဂျင့်(တ်) (agent) ဖြစ်သော ဗိုင်းရပ်(စ်) (virus) ရောဂါပိုး။

တင်စား ပြောပါမည်။

လူသား အိမ်ရှင်၏ ခန္ဓာကိုယ်အိမ်တွင်းသို့ ချဉ်းနင်းဝင်ရောက်လာသည့် မဖိတ်ခေါ်ရသော ဧည့်သည်။

ဘယ်အခွင့်နှင့် ကိုရွှေဧည့်သည် ကြွမြန်းလာတော်မူသနည်း။

❑

## ( ၉ )

လူ့အသိဉာဏ် တိုးတက်လာခြင်းမှာ အကြောင်းနှင့် အကျိုးကို နားလည်လာခြင်းကြောင့် ဖြစ်လေသည်။

ရှေးဒဿနပညာ၌ ကြောင်းကျိုးဆက်သွယ်မှု (Causal-relationship) ကို ရဲရဲပြောသော်လည်း ဤစကား၌ အဓိပ္ပာယ်အင်အား ကြီးလွန်းသောကြောင့် သိပ္ပံပညာက သတိထား ရှောင်ကြဉ်သည်။ သိပ္ပံပညာက ဖန်ရှင်နဲလ်ရီလေးရှင်းရှစ်(ပ်) (Functional relationship) ဟူသော စကားကိုသာ သုံးတတ်သည်။

ဖန်ရှင် (Function) ဟူသော စကားမှာ အလုပ်ကိစ္စ (activity) ဟု မူရင်းအဓိပ္ပာယ် ရှိသည်။ လူ့ခန္ဓာကိုယ်မှ အစိတ်အပိုင်းများ (ဥပမာ မျက်လုံး၊ နှလုံး၊ အာရုံကြောများ၊ အကျိတ်များ၊

ကြွက်သားများ)၏ ဓမ္မတာလုပ်ငန်းများကိုလည်း ဖန်ရှင်ဟုပင် ခေါ်သည်။

ထိုနည်းတူစွာ သက်မဲ့အရာဝတ္ထုတို့မှ ဓမ္မတာသဘာဝ ဖြစ်ပျက် ပြောင်းလဲနေမှုတို့ကိုလည်း ဖန်ရှင်ဟုပင် ခေါ်သည်။ သင်္ချာပညာ၌မူ ဖန်ရှင် ဆိုသည်မှာ ပြောင်းလဲတတ်သော ပမာဏ တစ်ခု ဖြစ်လေသည်။ ထိုပမာဏသည် တိုင်းတာရေတွက်၍ ရသော ပမာဏ (quantity) တစ်ခု ဖြစ်ရမည်။ အခြားသော ပမာဏတို့၏ ပြောင်းလဲခြင်းပေါ် မှီ၍ တန်ဖိုး ပြောင်းလဲသော ထိုပမာဏသည် ဖန်ရှင် ဖြစ်သည်။

အရေအတွက်သဘောရှိသည့် ပမာဏတို့သည် တစ်ခု ပြောင်းလဲလျှင် အခြားတစ်ခုက လိုက်ပြောင်းလဲပြီး ထိုဆက်သွယ် ပြောင်းလဲမှုကို တိုင်းတာရေတွက်၍ရသည် ဆိုပါအံ့။

ထိုပမာဏတို့ကြား၌ ဖန်ရှင်နဲလ်ရီလေးရှင်းရှစ်(ပ်) ရှိသည်။ မြန်မာလို ပြောင်းလဲမှု ဆက်သွယ်ခြင်း ရှိသည်ဟု ခေါ်နိုင်သည်။ တိုင်းတာ ရေတွက်၍ ရသော ပမာဏများကို ဗဲရီအဗယ်(လ်) (variable) ဟု ခေါ်သည်။ သိပ္ပံပညာက ထိုသို့လျှင် အနက် အဓိပ္ပာယ်ရှိသော ဗဲရီအဗယ်(လ်) (အခြင်းအရာများ၊ အဖြစ်အပျက် များ)၏ ပြောင်းလဲမှု ဆက်သွယ်ခြင်းကို ရှာ၏။ သိပ္ပံပညာ၏ ထုံး၊ နည်း၊ စနစ်ကို နားလည်ရန် ပြောရခြင်း ဖြစ်ပါသည်။

လူအများ နားလည်ရန် ပြောရလျှင် အင်း··· ကြောင်းကျိုး ဆက်သွယ်ခြင်း ဆိုသည့် စကားသို့ပင် ပြန်ရောက်သည်။



သိပ္ပံပညာက စေ့စပ်သေချာသည်။ သူ လေ့လာရှုကြည့် သော အခြင်းအရာတွေ၊ အဖြစ်အပျက်တွေကို ဗဲရီအဗယ်(လ်) တွေပဲ ဖြစ်စေချင်သည်။ တိုင်းတာရေတွက်၍ ရပါမှသာလျှင် မှား၊ မှန် စစ်ဆေးခြင်း (validation) ပြုလုပ်နိုင်သည်။ ကြောင်းကျိုး ဆက်သွယ်မှု ရှိသလောဟု ခန့်မှန်းသော အနုမာန (hypothesis) များကိုလည်း ဗဲရီအဗယ်(လ်)တွေနှင့်ပင် တည်ဆောက်ပြရ သည်။ တစ်နည်း··· အရေအတွက် သဘောနှင့် ပြောရသည်။ ဤသို့ မပြောနိုင်သော အနုမာနများကို ဂမ္ဘီရ (mystic) နယ်သို့ ပို့ပစ်ပြီး ဥပေက္ခာပြုထားသည်။

ကံနှင့် အေအိုင်ဒီအက်စ်ရောဂါကို ကျွန်တော်က ကြောင်း ကျိုးဆက်သွယ်၍ ပြောသောအခါ ကျွန်တော့်အဆိုပြုချက်ကို ဂမ္ဘီရ အနုမာန (mystical hypothesis) ဟု ခေါ်ချင် ခေါ်နိုင်ပါသည်။ ခေါ်မည့်သူများလည်း အဆင်သင့် ရှိနေမည်။

ဤလောကမှ ပြုပြင်မှုတရား (သင်္ခါရ)များကား နက်နဲ ရှုပ်ထွေးသိမ်မွေ့သည်။ အားလုံးကို ဗဲရီအဗယ်(လ်)တွေအဖြစ် တိုင်းတာ၍ မရသေးပါ။ ရူပဗေဒပညာရှင်များ ဤအဖြစ်ကို ကြုံဖူး ကြသည်။ ယခုလည်း ကြုံနေဆဲပါ။

ကြောင်းကျိုးဆက်သွယ်မှုတို့၏ နက်နဲရှုပ်ထွေးသိမ်မွေ့ပုံကို လွန်ခဲ့သောအနှစ် ၂၅၀၀ ကျော်ကတည်းက မြတ်စွာဘုရား အလျှင် သိတော်မူခဲ့သည်။

ထိုသိမ်မွေ့လှသော ကြောင်းကျိုးဆက်သွယ်မှုတို့ကို ဉာဏ်ဖြင့် ယူတတ်ရန် မြတ်စွာဘုရားက အဗျာပါရ၊ နာနတ္တ၊ ဧကတ္တ၊ ဧဝံဓမ္မတာဟု နည်းလေးပါး သင်ပြသနားတော်မူခဲ့သည်။

ကျန်နည်းအားလုံးကို မပြောတော့ပါ။ ဧဝံဓမ္မတာနည်းကို ဆွေးနွေးပြချင်ပါသည်။

ဤနည်းကို ဤသဘောရှိက ဤသဘောရှိ၏ဟု လူအများ နားလည်ရန် ဆိုပါသည်။

အချို့သော သဘောတို့ကို အလွယ်တကူ ပသာဒစက်တွေနှင့် ဖမ်းယူကိုင်တွယ်၍ မရ။ တိုင်းတာရေတွက်ကြည့်ရန်ကား ဝေးစွ။

သို့ရာတွင် ဤသဘောရှိက ဤသဘောရှိရှိလာသည်ကို သမိုင်း၌ လည်းကောင်း၊ ဘဝ၌ လည်းကောင်း တွေ့တွေ့နေရသည်။

လောဘ၊ ဒေါသ၊ စိုးရိမ်ကြောက်လန့်မှုသဘောတွေ ရှိလာလျှင် ဆိုင်ကိုဆိုးမက်တစ်ရောဂါ ဟူသော သဘောရှိလာသည်။ မေတ္တာ၊ ကရုဏာ၊ ခန္တီ၊ စိတ်တည်ငြိမ်ခြင်း သဘောတို့ ရှိလျှင် ဆိုင်ကိုဆိုးမက်တစ်ရောဂါသဘောတို့ မပေါ်။ ထိုရောဂါတို့ကို သက်သာပျောက်ကင်းစေသော သဘော ရှိလာသည်။

တစ်ခါတစ်ရံ ဤသဘောနှင့် ဤသဘောသည် အချိန်အားဖြင့် ဝေးကွာနေသောကြောင့် ဆက်သွယ်မှုကို ချက်ချင်း မမြင်။

ဆယ့်ရှစ်ရာစုကတည်းက စက်မှုလက်မှု ထွန်းကားမှု၏ အကျိုးဆက်အဖြစ် ကမ္ဘာ့အထက်ဝန်းကျင် လေထုနယ်အတွင်း



ထိခိုက်ပျက်စီးမှုတွေ တဖြည်းဖြည်း ဖြစ်နေသည်။ ချက်ချင်း မသိကြသေး။

နှစ်ဆယ်ရာစုနှစ် ကုန်ခါနီးကျမှ ဂရင်းဟောက်(စ်) အဖက်(တ်) (green house effect) ဖြင့် ကမ္ဘာကြီးသည် ပူ၍ ပူ၍ လာသည်။ အိုဇုန်း (OZONE) ဓာတ်လွှာတွေ ပေါက်ပြဲပြီး ကော့စမစ် (cosmic) ရောင်ခြည်တွေ ကမ္ဘာဆီ ပိုမိုဖောက်ခွင်းကျလာသည်။

မြန်မာပြည်ကမူ သိပ်မသိလိုက်ကြ။ ကမ္ဘာ၌မူ လှုပ်ရှားသွားသော လစ်မစ်ဖော်ဂရို(သ်) (limit for growth) ခေါ် စာအုပ် ထွက်လာခဲ့သည်။ ပညာရှင်များ စုပေါင်းပြုစု ဘွတ်(ခ်) အော့(ဖ်) ရုမ်း (Book of Rome) မှ ထုတ်ဝေသည်။ စက်မှုစားကုန် ထုတ်လုပ်ငန်းကြီးများ အကန့်အသတ် မရှိ တိုးချဲ့လာလျှင် ကမ္ဘာကြီးပေါ် ကျရောက်လာမည့် အန္တရာယ်တွေကို ဆွေးနွေးထားသည်။ ဤအန္တရာယ်ကို ထိန်းချုပ်ရန် ဆွေးနွေးကြရာ၌ ရောမ အခက်အခဲကြီး တစ်ရပ်နှင့် သွားရင်ဆိုင်တိုးနေရသည်။

ထိုအခက်အခဲကား ကမ္ဘာ့နိုင်ငံအသီးသီး (အထူးသဖြင့် ချမ်းသာသော နိုင်ငံများ)၏ လောဘကို ဘယ်သို့ ထိန်းချုပ်မည်နည်း။ ဘယ်သို့ ထိန်းချုပ်နိုင်ပါမည်နည်း။

လောဘဟူသော သဘောနှင့် ကမ္ဘာပျက်နိုင်သော သဘော။ ဤသဘောရှိက ဤသဘော ရှိလာခြင်း။ ဧဝံ ဓမ္မတာ။ ကမ္ဘာပျက် မပျက် နောက်။ တို့ ချမ်းသာရေး၊ တို့ ချမ်းသာမှု တိုးတက်ရေး

အလျှင်။ ချမ်းသာသော နိုင်ငံကြီးများက ယနေ့ လုပ်နေပုံ၊ လောဘနှင့် အဝိဇ္ဇာ (မိုက်မဲခြင်း) ယှဉ်နေပုံတွေ။

မောဟ ထူပြောက ဒုဗ္ဘိက္ခန္တရကပ်၊ ဒေါသ ထူပြောက သတ္ထန္တရကပ်၊ ရာဂ ထူပြောက ရောဂန္တရကပ် ဆိုက်သည် ဟူသော မြတ်စွာဘုရား၏ အဆုံးအမကို သတိပြုကြဖွယ်ပင်တည်း။

အေအိုင်ဒီအက်(စ်)ရောဂါနှင့် အိတ်(ချ်)အိုင်ဗွီ (HIV) ပိုးတို့ကား သိပ္ပံပညာရှင်တို့ သိမြင်ကိုင်တွယ်နိုင်သော ဗဲရီအဗယ်(လ်)တွေ။ သိပ္ပံညာစကားနှင့်ဆိုလျှင် အေအိုင်ဒီအက်(စ်)ရောဂါက မှီ၍ ဖြစ်ပေါ်လာသော အခြင်းအရာ (dependent variable) ။ အိတ်(ချ်)အိုင်ဗွီပိုးက မှီ၍ ဖြစ်ပေါ်စေတတ်သော အခြင်းအရာ (independent variable)။ အတိုပြောလျှင် ပေါ်အပ်သောအရာနှင့် ပေါ်စေတတ်သောအရာ။ ရှင်းရှင်းပြောတော့ အကျိုးအကြောင်း။

ကျွန်တော် မေးနေသည့် မေးခွန်းက ထို 'ပေါ်စေတတ်သော အရာ' သည် ယခုမှ ဘယ်က ကြွမြန်းလာပါသနည်း။

မေ့တာရာဂနှင့် လှင်မယား ပေါင်းသင်းလာကြသည်မှာ ကမ္ဘာဦးကတည်းက။ ဒီတုန်းက ဒီရောဂါပိုး ဘယ်ဆီ သွားနေသနည်း။ ယနေ့တိုင် မေ့တာရာဂနှင့် နေသူတွေဆီ ဤရောဂါပိုး တိုက်ရိုက်မလာ။

အမေ့ရာဂကျင့်သုံးမှ ဤရောဂါပိုး နှိပ်စက်ခွင့်ရလာသည်။ ဤသဘောရှိတော့ ဤသဘော လာသည်။ ဖဝံ မေ့တာ။



သိပ္ပံပညာက ပြလေ့ရှိသော ပုံစံမျိုးနှင့် ပြရလျှင်-

အမေ့ရာဂ → အိတ်(ချ်)အိုင်ဗွီ → အေအိုင်ဒီအက်(စ်) ဟု ရမည်။ ထပ်ချုံ့လိုက်လျှင်-

အမေ့ရာဂ → အေအိုင်ဒီအက်(စ်) ဟု ရမည်။

ပို၍ ယေဘုယျကျအောင် ဖော်ပြလျှင်-

အကုသိုလ်ကံ → ရောဂါဟု ရမည်။

ဤဆက်သွယ်နေခြင်းကို "ဟာ… မင်းဟာက ဖန်ရှင်နဲ(လ်) ရီလေးရှင်းရှစ်(ပ်) မဟုတ်ပါဘူး၊ ဂမ္ဘီရအနမာနကြီးပါ"ဟု ဆိုမည့် သူများ ရှိမည်။

ကျွန်တော့်အဖြေကား ဂမ္ဘီရ (mystical) မဟုတ်ပါ။ ဤအီကွေးရှင်း (equation) ၌ ဒိဋ္ဌမေ့ (realities) အများ ရှိနေသည်။

အကုသိုလ်ကံ (အမေ့ရာဂ)ကို ဒိဋ္ဌမေ့ တွေ့နေရသည်။ ရောဂါ(အေအိုင်ဒီအက်စ်)ကို လည်း ဒိဋ္ဌမေ့ တွေ့နေရသည်။ ပုံပမာ ယုံစရာ အကောင်အထည်မဲ့နေသည့်သဘောတွေ မဟုတ်ကြ။

ဂမ္ဘီရဆန်သယောင်ယောင် (seeminsqly mystical) ဖြစ်နေသည်မှာ အကုသိုလ်ကံနှင့် ရောဂါကြား ဘာတွေ ဘယ်လို ဆက်သွယ်ပေးသည့် mechanism နှင့် mechanics အပိုင်းမှာသာ ဖြစ်လေသည်။

မက်ကင်နစ်နကင်(မ်) 'ဘာ'နှင့် မက်ကင်းနစ်(စ်) 'ဘယ်လို' ကို မသိရုံနှင့် အနမာနတစ်ခုကို ပုတ်ထုတ်လွှင့်ပစ်မည်လော။

ဉာဏ် တကယ်ကြီးသော သိပ္ပံပညာရှင်များကမူ ဤသို့ မပြုပါ။ အိုင်းစတိုင်း၏ အချိန်-နေရာသန္တတိ (time-space continum) ခုံးခုံးကြီးနေပုံ။ ထိုအခုံးကြီး၌ ခရီးသွားသော အလင်းရောင်တန်းသည် မျဉ်းဖြောင့် မဟုတ်ဘဲ မျဉ်းကွေးဖြစ်ပုံ၊ ဆွဲငင်အား (gravity) ဆိုသည်မှာ အခြား မဟုတ်၊ ဒိုင်မင်းရှင်းလေးခု ရှိသော (four-dimensional) အချိန် နေရာသန္တတိကြီး၏ ကွေးမှု (curvature) ဖြင့်ပုံ စသော သဘောတို့မှာ မူလက ဂမ္ဘီရဆန်သယောင်ယောင် ဖြစ်နေခဲ့ဖူးသည်။

ယနေ့ထက်တိုင်လည်း ရူပဗေဒပညာနယ်၌ ဂမ္ဘီရဆန်သယောင်ယောင် ကိစ္စတွေ ရှိနေသေးသည်။ အောက်ပါ ဓာတ်ခွဲခန်း ဒိုင်ယာရီကို ဖတ်ကြည့်ပါ။ ရေးသူမှာ လျှပ်စစ်ဓာတ်နှင့် သံလိုက်ဓာတ်ပညာတွင် နာမည်တစ်လုံး ချန်ထားသော သိပ္ပံပညာရှင်ကြီး မိုက်ကယ်(လ်)ဖာရာဒေး (Michael Faraday) (၁၇၉၁-၁၈၆၇) ဖြစ်လေသည်။ ဒိုင်ယာရီကို ၁၈၄၉ ခုနှစ်တွင် ရေးခဲ့သည်။

*'ဆွဲငင်အား၊ လျှပ်စစ်ဓာတ်၊ သံလိုက်ဓာတ်နှင့် အခြားအား (force) များနှင့် ဤဆွဲငင်အားကြားမှ လက်တွေ့ စမ်းသပ်ကောင်းသော ဆက်သွယ်ခြင်းတစ်ခု ရှိနိုင်သည်။ ဤသို့ တွေ့လျှင် ဆွဲငင်အားနှင့် အခြားအားများကြား အပြန်အလှန် ပြုပြင်မှုနှင့် ဤမျှသော အကျိုးသက်ရောက်မှု သဘောတရားတစ်ခု တည်ဆောက်၍ ရတန်ကောင်း၏'*



ဤသို့ ရေးပြီးနောက် ဖာရာဒေးသည် စမ်းသပ်မှု အမြောက်အမြား ပြုလုပ်ခဲ့သည်။ မအောင်မြင်ရှာဘဲ အောက်ပါအတိုင်း ဒိုင်ယာရီ ရေးခဲ့သည်။

*'ယခု ခေတ္တမူ ကျွန်ုပ်၏ ကြိုးပမ်းမှု ဤတွင် ရပ်ခဲ့ပြီ။ စမ်းသပ်တွေ့ရှိချက်တို့က ဆက်သွယ်မှုရှိကြောင်း မပြ။ သို့ရာတွင် ထိုတွေ့ရှိချက်များက ဆွဲငင်အားနှင့် လျှပ်စစ်ဓာတ်ကြား ဆက်သွယ်မှု ရှိသည်ဟူသော ကျွန်ုပ်၏ ယုံကြည်ခံစားမှုကို မတုန်လှုပ်စေပါ။ တွေ့ရှိချက်များက ဤသို့သော ဆက်သွယ်မှုရှိကြောင်း သက်သေ မပြသော်လည်း ကျွန်ုပ်၏ ယုံကြည်ခံစားမှုကား မပျက်ပါ'*

သက်သေ လက်ငင်း မပြနိုင်သေးသော ထိုးထွင်းသိမှု (insight) အကြောင်း ဖာရာဒေးက ပြောပြနေခြင်း ဖြစ်သည်။

ယနေ့ခေတ်တွင် အိုင်စတိုင်း၏ တွေ့ရှိချက်များကြောင့် ဆွဲငင်အားအကြောင်း ဖာရာဒေးတို့ လက်ထက်ကထက် ပိုသိနားလည်နေပြီ။ ဂျိမ်း(စ်)မက်(စ်)ဆွဲလ် (James Maxwell) (၁၈၃၁-၇၉) စတင် ရှင်းပြသည့် လျှပ်စစ်သံလိုက်အားနယ် (electromagnetic field) သဘောမှ တိုးတက်ဖြစ်ထွန်းလာခဲ့သော အီလက်ထရိုဒိုင်းနမစ်(စ်) (electrodynamics) ပညာသည်လည်း ဖာရာဒေးတို့ လက်ထက်ကထက် ပြည့်စုံပြည့်ကြွယ်နေပြီ။ အိုင်စတိုင်း၏ ဆွဲငင်အား သဘောတရားနှင့် ခေတ်ပြိုင် ပေါ်လာသည့် အဏုမြူနှင့် ဈူကလီးယားတို့၏ အတွင်းသဘာဝကို ရှင်းပြ

သည့် ကဝန်းတင်သဘောတရား (quantum theory) သည်လည်း အံ့ဖွယ်တိုးတက်ဖြစ်ထွန်းနေသည်။

ကျွန်တော်တို့ သာမန်လူများအတွက် ယေဘုယျ နားလည်အောင် ဆိုရလျှင် ဤသိပ္ပံပညာအားလုံးသည် စွမ်းအင်နှင့် အားသဘောတွေကို လေ့လာကြသည်။ ယနေ့ ရူပဗေဒပညာအရ စွမ်းအင်နှင့် အားသဘောတို့၏ ဖြစ်ပျက် ပြောင်းလဲမှု (interactions) တို့သည် ထင်ရှားလှသော အမျိုးအစား (classes) သုံးစားအဖြစ်ရှိနေကြသည်။

(က) စွမ်းသန်သော ဖြစ်ပျက်ပြောင်းလဲမှု (strong interactions) များ။

ယင်းတို့ကား လျှပ်စစ်-သံလိုက်အားများ ဖြစ်ကြသည်။

(ခ) အားနည်းသော ဖြစ်ပျက်ပြောင်းလဲမှု (weak interactions) များ

ယင်းတို့ကား ရေဒီယိုဓာတ်ကြွသော နျူကလီးယတ်(စ်) တစ်ခုအတွင်းမှ ဘီတာ ပျက်သုဉ်းမှု (beta decay) ဟု ခေါ်သော ခယမ္မေ၊ ဝယမ္မေ သဘောမျိုး ဖြစ်ကြသည်။ ဤပျက်သုဉ်းမှု အစဉ်တွင် အီလက်ထရွန်တစ်ခုနှင့် နျူထရင်းနိုး (neutrinos) တစ်ခု ထုတ်လွှတ်ပစ်ရခြင်း ပါဝင်သည်။

(ဂ) ဆွဲငင်အား ဖြစ်ပျက်ပြောင်းလဲမှု (gravitational interactions)



ဤဖြစ်ပျက် ပြောင်းလဲမှုသည် အထက်၌ ဆိုခဲ့သော 'အားနည်းသော ဖြစ်ပျက်ပြောင်းလဲမှု' အောက်ပင် ပိုမိုအားနည်းသေး၏။

ဤသို့ သုံးမျိုးသုံးစား ဖြစ်နေသော အားပြောင်းလဲမှုသဘောသုံးခုတို့ ဆက်သွယ်ခြင်းကို သဘောတရားတစ်ခုတည်းနှင့် ရှင်းပြ၍ မရဘူးလော၊ အိုင်စတိုင်းက ဆွဲငင်အားကို အချိန် နေရာသန္တတိကြီး၏ ဂျီအိုမက်ထရစ်သတ္တိ လက္ခဏာ (geometric properties) များအဖြစ် ဉာဏ်ဖြင့် ခြုံငုံသိမ်းပိုက်ယူပြခဲ့သည်။

အိုင်စတိုင်းကြီးက ဤမျှနှင့် မရပ်ဘဲ လျှပ်စစ်သံလိုက်အားနယ်ကိုလည်း ထိုသို့သော ဂျီအိုမက်ထရစ် ဖွင့်ဆိုမှုဖြင့် ရှင်းလင်း၍ ရမည်ဟု ယုံကြည်ခဲ့သည်။

ဤယုံကြည်ချက်မှ ပေါက်ဖွားလာသော ကြိုးပမ်းမှုအဖြစ် အားနယ် အားလုံးအတွက် ဧကောဓမ္မော (The Unified Field Theory) သဘောတရားကြီးတစ်ခု တည်ဆောက်ရန် အိုင်စတိုင်းကြီး ကြံစည်အားထုတ်ခဲ့သည်။

သူ ကွယ်လွန်သာသွားသည်။ သူ့ကြံစည်အားထုတ်မှု မအောင်မြင်။ သို့ရာတွင် နောင်းသိပ္ပံပညာရှင်များက လက်မမြှောက်ကြသေး။

ယနေ့ ရူပဗေဒသိပ္ပံပညာက အဏုမြူအောက် အခြေခံဓာတ်မှုန်များ (elementary particles) ကို ပိုမိုနားလည်အောင် ကြိုးစားခြင်း။ ဤမည်သော ဤမည်သော ဓာတ်မှုန်လေးတို့၊ ဤ

မည်သော ဤမည်သော ဒြပ်ထု (mass) တွေ၊ လျှပ်စစ် ဖို မ အား (electirc charges) တွေ ဆောင်၍ သဘာဝမွေကြီး (Nature) ၌ ဘာကြောင့် ရှိနေသည်ကို သိခြင်းတို့မှတစ်ဆင့် ဆွဲငင်အားနှင့် လျှပ်စစ်သံလိုက်အားတို့ကြား ဆက်သွယ်ခြင်းကို တွေ့သိလာနိုင်သည်ဟု ယုံကြည်သည်။

ဤစကားကို ထပ်ရှင်းရပါမည်။

တစ်ဖက်တွင် ဆွဲငင်အား ဆိုသည့် 'သဘော' ရှိသည်။ ဤ 'သဘော' ကို သိသင့်သမျှ သိနေပြီ။

အခြားတစ်ဖက်တွင် လျှပ်စစ် သံလိုက်အား ဆိုသည့် 'သဘော' က ရှိသေးသည်။ ဤသဘောကိုလည်း သိသင့်သမျှ သိနေပြီ။

ဆွဲငင်အား(ဤသဘော)နှင့် လျှပ်စစ်သံလိုက်အား (ဤသဘော) နှစ်ခုကြား ဆက်သွယ်ခြင်း ရှိနေကြောင်း ဒဲရက်စ် (Dirac) နှင့် နီးအဲလ်စ်ဘိုးရ် (Niels Bohr) ကဲ့သို့သော ရူပဗေဒ သိပ္ပံပညာရှင်ကြီးများက ဉာဏ်သဲလွန်စများ တွက်ပြခဲ့ကြသည်။ သည်လို ဉာဏ်သဲလွန်စများကို သတိပြုမိခြင်းကို ဉာဏ်မျက်စောင်း ထိုးကြည့်ခြင်းဟု (အာစရိယဝါဒဖြင့်) ကျွန်တော်က ခေါ်သည်။

ဒဲရက်စ် တွက်ပြခဲ့သော ဂရာဗီတွန် (graviton) သဘော၊ ဆွဲငင်အားကွန်စတင့် (gravitational constant) သဘော၊ ဘိုးရ် ရှုစမ်းသော ချုထရင်းနိုးတို့၏ သဘာဝနှင့် ဆွဲငင်အား



လှိုင်းကဝန်တာ (quanta of gravitational waves) တို့၏ သဘာဝ စသည်တို့သည် တစ်နည်းအားဖြင့် ဂမ္ဘီရဆန်သယောင် ယောင် ရှိသည့် အနုမာနများ ဖြစ်ကြသည်။ သို့ရာတွင် ဉာဏ်သဲလွန်စ များအဖြစ် သိပ္ပံပညာရှင်များက လက်ခံထားကြသည်။

ဘာတွေက ဘယ်လို ဖြစ်နေသည်ဟု တိတိကျကျ ရေရေ လည်လည် မသိသေးမီ သိပ္ပံပညာက အနုမာနအဆင့်မှ ရှေ့သို့ အရမ်းမတက်။

ရူပဗေဒသိပ္ပံပညာ၌ အချိန်တွေ အများကြီး ရှိသေး သည်။ ဤသည်က (ခွင့်လွှတ်ပါ) သိပ္ပံပညာ၏ ဇိမ်ယူခွင့် (luxury)၊ သူတို့၏ 'ဤသဘော'နှင့် 'ဤသဘော' ဆက်သွယ်ခြင်းကို အချိန် ယူ ဆင်ခြင်နေရသောကြောင့် ကမ္ဘာကြီး ပျက်မသွားနိုင်။

သည်တော့ အသေးစိတ်တွေ၊ မက်ကင်နစ်ဇင်စ်တွေ၊ မက်ကင်းနစ်စ်တွေကို အသာထားဦး။ ဘွားဘွားပေါ်နေသည့် ဓဝ မွေတာကို လေးလေးစားစား လေးလေးနက်နက် လက်ခံ၍ အလုပ် လုပ်ကြရမည်။

ဤသဘော ရှိက ဤသဘော ရှိလာသည်။ 'နောက်' ဤသဘော လိုက်မလာရန် 'ရှေ့' ဤသဘောကို မဖြစ်အောင် တားဆီးရမည်။

တည့်တည့်ပြောရလျှင် အကုသိုလ်ကံကို အကုသိုလ်ကံဟု သိရမည်။ သိပြီးလျှင် ပယ်ရမည်။

အကုသိုလ်ကံ၏ ပြုပြင်စီရင်ခြင်းကို အသိအမှတ် မပြုလျှင် ဘာဖြစ်မည်နည်း။

မဝေးလှသေးသည့် အတိတ်ကို ပြန်ကြည့်ပါ။

သိပ္ပံပညာရှင်များ၊ ဆေးသိပ္ပံပညာရှင်များ၏ ကျေးဇူးကြောင့် ကာလသားရောဂါကို နိုင်နင်းသော ပင်နယ်ဆီလင် ဆေးကောင်းတွေ ပေါ်လာခဲ့သည်။ ထိုအခါ လူက ဘာလုပ်သနည်း။ ဆေးတွေရှိပြီဆိုပြီး အဓမ္မရာဂ၌ ပိုအတင့်ရဲလာသည်။ ဤတွင် ဟားပီးစ်ရောဂါတို့ ရောက်လာကြ၏။

သိပ္ပံပညာရှင်နှင့် ဆေးသိပ္ပံပညာရှင်တို့၏ စေတနာနှင့် မေတ္တာကို ယုံကြည်လေးစားပါသည်။ ဤပညာရှင်ကြီးတို့၏ ကြိုးပမ်းမှုကြောင့် တစ်နေ့တွင် အေအိုင်ဒီအက်စ်ရောဂါကို နိုင်သော ဆေးတွေ့မည်ဟု မျှော်လင့်ပါသည်။ သို့ရာတွင်-

ဆေးရှိပြီဟော့ ဆိုပြီး မိုက်တွင်း ဆက်နက်မည် ဆိုပါက ပင်ဒိုရာ၏ အိုးအတွင်းမှာ ဘာတွေ ရှိနေသေးမှန်း မသိ။

ဖယူရီးဇ်တွေကလည်း ဘယ်တော့မှ အလစ်မပေးပါ။

ဤသဘောသာ ရှိပါ။ ဤသဘောက လာပါလိမ့်မည်။ ဇဝံမွေတာ။

❑

# ( ၁၀ )

အကြောင်းအကျိုးကိုသာ သိခွင့်ရလျှင် လူသားတွေသည် ဤမျှ မမိုက်ကြဘူးဟု ကျွန်တော် ယုံကြည်ပါသည်။

သြော်... ပင်ဒိုရာအိုးတွင်း၌ အနိဋ္ဌနှင့် အမင်္ဂလာဒုက္ခအပေါင်းကို ပရမီးသီးအက်(စ်)က ဖမ်းယူထည့်ထားခဲ့ကြောင်း ဆိုခဲ့ပြီ။ အမှန်ကား လူသားတို့၏ မိတ်ဆွေ ပရမီးသီးအက်စ်သည် အလွန်ဉာဏ်အမြော်အမြင်ကြီးသည်။

မိုးမပြို ပြိုခဲ့သော်ဟု အနာဂတ်ကို စိတ်မချလှသော ပရမီးသီးအက်စ်က မိုးပြိုခဲ့သော် အားကိုးဖွယ်ရာ တစ်စုံတစ်ရာကိုလည်း အိုးအတွင်း၌ မမေ့မလျော့ဘဲ ထည့်ထားပေးခဲ့သည်။ ထိုတစ်စုံတစ်ရာကို ဖြစ်နိုင်ကောင်းသော မျှော်လင့်ခြင်း (hope) ဟု ခေါ်သည်။

မမပင်ဒိုရာ လက်အငြိမ်မနေနိုင်ဘဲ အိုးအဆို့ကို ဖွင့်လိုက်သောအခါ အနိဋ္ဌ အမင်္ဂလာ ဒုက္ခအပေါင်းတို့ လူ့လောကတစ်ခွင် ပျံ့နှံ့ကုန်သည်။ တစ်ပြိုင်နက်တည်းမှာပင် မျှော်လင့်ခြင်းကလည်း ဒုက္ခအပေါင်းတို့နှင့်အတူ လူ့လောကတစ်ခွင်တွင် အဖမ်းရ ခက်လှသော အရှိသဘောနှင့် ပျံ့နှံ့တည်နေသည်။

ခေါမမစ်(သ်)က လူသားအတွက် မျှော်လင့်ခြင်းအကြောင်း ဤသို့ အရိပ်ပြခဲ့သည်။ ဗုဒ္ဓမြတ်စွာဘုရားကမူ ရကောင်းသော မျှော်လင့်ဖွယ်ကို ထင်ထင်ရှားရှား ညွှန်ပြတော်မူခဲ့သည်။

လူတို့ အကျင့်တွေ ပျက်၍ သက်တမ်းတွေ ဆုတ်ဆုတ်သွားရာ 'ဆယ်နှစ်တန်း'သို့ ရောက်သည်။ ထိုဆယ်နှစ်တန်းတွင် ဒုဗ္ဘိက္ခန္တရကပ်၊ သတ္ထန္တရကပ်၊ ရောဂန္တရကပ် တစ်ပါးပါး နောက်ဆုံးကျပြီး လူမျိုးတုံးလုနီးနီး ဖြစ်သွားသည်။ ကျန်သမျှလူ ဟူ၍ အနည်းငယ်မျှသာ။

ထိုအနည်းငယ်မျှသော လူတွေသည် နောင်တတရား ရကြပြီး အကုသိုလ်ကို ရှောင်ကြ၏။ ကုသိုလ်ကို ဆောင်ကြ၏။ အမုန်းတွေ၊ ဒေါသတွေ၊ လောဘတွေကို ပယ်ကြပြီး မေတ္တာ၊ ကရုဏာ၊ မုဒိတာ ပွားကြသည်။ ဤသို့ဖြင့် လူ့သက်တမ်းသည် ဆယ်နှစ်တမ်းမှ နှစ်ဆယ်နှစ်တမ်း၊ နှစ်ဆယ်နှစ်တမ်းမှ လေးဆယ်နှစ်တမ်း၊ လေးဆယ်နှစ်တမ်းမှ ရှစ်ဆယ်နှစ်တမ်းသို့ သားစဉ်တစ်ဆက်မှ တစ်ဆက် ပြန်တိုးတက်ခဲ့ရာ အသင်္ချေယျတမ်းသို့ ပြန်ရောက်သည်။



မြတ်စွာဘုရားသည် လူ့ဘဝ ရခဲပုံကို အလေးအနက် ဟောကြားခဲ့သည်။ ရခဲသော ဘဝပိုင်ရှင် လူသားတွေ၌ ဉာဏ်ဟူသော သဘောရှိကြောင်း၊ ထိုဉာဏ်ကို ကောင်းရာသို့ ရှေ့ဆောင်သည့် သတိဟူသော သဘော ရှိကြောင်းလည်း ဟောကြားတော်မူခဲ့သည်။

အေဒိုင်ဒီအက်စ်ရောဂါကြောင့် စိတ်ပျက်အားငယ် လက်မှိုင်ချနေကြရန် မလိုပါ။

သတိ ပြဋ္ဌာန်း၍ ဉာဏ်ဖြင့် မိမိကိုယ်ကိုလည်း ရှုပါ။ သူတစ်ပါးကိုလည်း ရှုပါ။ တစ်လောကလုံးကို ရှုပါ။

ဉာဏ်က ကုသိုလ်နှင့် အကုသိုလ်ကို ခွဲခြားပြပါလိမ့်မည်။

ကုသိုလ်၊ အကုသိုလ်တွေက ဘဝကို မည်သို့ ပြုပြင်စီရင်ကြောင်းကိုလည်း နားလည်လာပါလိမ့်မည်။

ဆယ်နှစ်တမ်းမှ အသင်္ချေတမ်းသို့ သက်တမ်း ပြန်တက်ရာ၌ သားစဉ်တစ်ဆက်မှ တစ်ဆက် နှစ်ဆက် တိုးတက်သွားကြောင်း မြတ်စွာဘုရား၏ ဟောကြားချက်ကို အထူးသတိမူကြပါ။

ကိုယ်ချည်းပဲ ကုသိုလ်၊ အကုသိုလ်အကြောင်း သိနေ၍ မပြီး။ မျိုးဆက်သစ်တွေကိုလည်း ကုသိုလ်၊ အကုသိုလ်အကြောင်း ရှင်းပြရန် လူကြီးတိုင်း၌ တာဝန်ရှိသည်။

ဤတာဝန်ကို အလေးအနက် ခံယူလျက် ဤဆောင်းပါးကို ကျွန်တော် ရေးရခြင်း ဖြစ်ပါသည်။

'နှစ်ဆ တိုးတာဟာ မြန်မာ့တန်ခိုးပါ' ဟူသော ဩဘာ နိမိတ်စကား မြန်မာ၌ ရှိသည်။ ကုသိုလ်ကို ဆောင်၊ အကုသိုလ်ကို ရှောင်ခြင်းဖြင့် မိဘလက်ထက်ထက် သားသမီး လက်ထက်တွင် သက်တမ်း နှစ်ဆ တိုးကြောင်း ဘုရားဟောတရားကလည်း ရှိသည်။

ယနေ့ မျိုးဆက်သစ်တို့ ဉာဏ်ကြီးကြပါသည်။ သူတို့၏ ခေတ်သည် သိလိုစိတ်ကြီးသောခေတ် ဖြစ်သည်။

ကုသိုလ်၊ အကုသိုလ် သဘောကို သူတို့ နားလည်အောင် သာ ပြောပြပါ။ သူတို့သည် သိစဉ်မှ ကျင့်စဉ် ဖြစ်အောင် စွမ်းဆောင် ကြပါလိမ့်မည်။

လူသား၏ အစွမ်းကို နိမိတ်ပုံစနစ်နှင့် ခေါ်မသူဟောင်းတို့ ပြောပြပုံလေးကို ထပ်ဆင့် ပြောပါဦးမည်။

ခေါမဂန္ထဝင်ဇာတ်လမ်းတွင် ဂျေးဆင် (Jason) မင်းသား ခေါင်းဆောင်သော အားဂနော့တ်(စ်) (Argonauts) ခေါ် လှေစွမ်းကောင်းတစ်သိုက်၏ စွမ်းရည်နှင့် စွန့်စားခန်းတို့သည် အလွန် ထင်ရှားသည်။ သူတို့၏ခရီးတွင် ဖီးနီးအက်စ် (Phineus) ဟူသော ဘုရင်တစ်ပါး စံရာပြည်သို့ ရောက်သည်။

ဘုရင် ဖီးနီးအက်စ်နှင့် သူ့နန်းတော်ကို အဲလက်ပက်စ် (Aellopus) နှင့် အက်ဆစ်ပီးတီး (ocypete) အမည်ရှိသည့် ငှက်ဘီလူး ဟားပီးဇ် နှစ်ကောင်က နှောင့်ယှက် နှိပ်စက်နေသည်။



အားဂနော့တ်စ် လှေစွမ်းကောင်းများတွင် လေ၌ ပျံနိုင်သူ ကယ်လေး (Calais) နှင့် ဇီးတီးစ် (Zetes) ခေါ် မင်းသားညီနောင်နှစ်ပါး ပါလာသည်။ သူတို့ညီနောင်က ဓားကိုင်၍ လေတွင် ပျံကာ ဟားပီးဇ် ငှက်ဘီလူး နှစ်ကောင်ကို လိုက်တိုက်ရာ ဟားပီးဇ်တို့ ပထမတွင် ထွက်ပြေး၏။ မလွတ်သောအခါ အရှုံးပေး အသနားခံကြသည်။

နတ်ဧကရီမကြီးဟီးရာ (Hera) ၏ တမန်တော် အိုင်းရစ်(စ်) (Iris) နတ်သမီး ရောက်လာပြီး ဟားပီးဇ်တို့ ဖီးနီးအက်စ်ကို မနှောင့်ယှက်စေရပါဟု အာမခံချက် ပေးရသည်။ အိုင်းရစ်(စ်)က ဟားပီးဇ် နှစ်ကောင်ကို ပြန်ခေါ်သွားပြီး သူတို့ နေရင်းဂူကြီးအတွင်း၌ ထိန်းသိမ်းထားလိုက်သည်။ လူကြမ်းရင် နတ်ကြမ်း မခံနိုင်။ လူမင်းဘုန်းကြီး နတ်မင်း မနေသာ။ မြန်မာ၌လည်း ဤစကားများ ရှိသည်။

လူ၌ ဘုန်းရှိသည်။ ဘုန်း ဆိုသည်မှာလည်း ဂမ္ဘီရလျှို့ဝှက်သဘော မဟုတ်။ ဘုန်း ဆိုသည့် စကားက ပုည ဆိုသော စကားမှ ဆင်းသက်လာသည်။ အထက်၌ ရှင်းပြခဲ့ပြီးပါပြီ။

ပုညဆိုသည်မှာ ကုသိုလ်ကို ခေါ်သည်။

ပုညာဘိသင်္ခါရ ဆိုသည်မှာ ကုသိုလ်ကံ၏ ပြုပြင်စီရင်ခြင်း ဖြစ်လေသည်။

သတိ ပြည့်ဝန်းသောဉာဏ်ဖြင့် အကုသိုလ်ကံကို ရှောင်ပြီး ကုသိုလ်ကို ဆောင်လျှင် လူ၌ ဘုန်းရှိလာသည်။

ဟားပီးဗ်က ဘာမို့နည်း။

အေအိုင်ဒီအက်စ်ကကော ဘာမို့နည်း။

ဘုန်းရှိသော မျိုးဆက်သစ် လူသားတို့ လက်ထက်တွင် လူ့လောကမှာ ဟားပီးဗ်တို့ကို ဂူတွင်း ပြန်ပို့မည်။ လူ့လောကမှ အနိဋ္ဌ၊ အမင်္ဂလာဒုက္ခအပေါင်းကို ပင်ဒိုရာအိုးတွင်း ပြန်ဖမ်းယူထည့်မည်။

ဤသည်ကား သမ္ဗုဒ္ဓမြတ်စွာဘုရား ညွှန်ပြထားသည့် လူသား၏ ရပိုင်ကောင်းသော မျှော်လင့်ခြင်းအစစ် ဖြစ်ပေသတည်း။

သိပြီး ကျင့်ကြရုံပါတည်း။

တက္ကသိုလ်ဘုန်းနိုင်

❑